mgyoe.com

SAMPLE BOOK

ဒဂုန်တာရာ

# သုံးနှစ်သုံးမိုး ပိုးထီး ငုဝါပွင့် အပြာနု

# THREE YEARS
ANTON CHEKHOV

ဒုတိယအကြိမ်



PAINTING : BAGYI AUNG SOE 2023.GRAPHIC DESIGN : KYAW MINN MOUNG

mgyoe.com

mgyoe.com

SAMPLE BOOK



ဒဂုန်တာရာ
(၁၉၁၉-၂၀၁၃)

ဦးဘအုန်း၊ ဒေါ်ဖွားရှင်တို့မှ ရောဝတီတိုင်း ကျိုက်လတ်မြို့အနီး ထိုင်ကူမြစ်တန်းရွာ (မွန်ရွာ)တွင် ၁၉၁၉၊ မေလ ၁၀ ရက်၊ စနေနေ့၌ မွေးဖွားခဲ့သည်။ အမည်ရင်း ဦးဌေးမြိုင် ဖြစ်သည်။

ရန်ကုန်မြို့ (၇)လမ်းရှိ အောင်ဇေယျမင်္ဂလာ မြန်မာစာသင်ကျောင်း၊ ကျိုက်လတ်အမျိုးသားကျောင်းတို့တွင် ပညာသင်ကြားခဲ့ပြီး ရန်ကုန် မက်သဒစ်ကျောင်းမှ ၁၉၃၇ တွင် (၁၀)တန်း အောင်ခဲ့သည်။ ၁၉၃၃ တက္ကသိုလ်သိပ္ပံမဂ္ဂဇင်းပါ 'မြိုင်သဇင်' ကလောင်အမည်ဖြင့် ရေးသော **'မှုန်ပြာရီ'** ဝတ္ထုမှာ ပထမဆုံး ပုံနှိပ်ဝတ္ထု ဖြစ်သည်။ ၁၉၃၈ ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာသင်ခဲ့သည်။ ၁၉၃၉ ရန်ကုန် တက္ကသိုလ်ကျောင်းသားများသမဂ္ဂတွင် အမှုဆောင်အဖြစ် အရွေးခံရပြီး ပေါင်းသင်းဆက်ဆံရေးမှူး တာဝန်ယူခဲ့သည်။

၁၉၄၆ ဒီဇင်ဘာတွင် တာရာမဂ္ဂဇင်း အမှတ်(၁)ကို ဦးစီးထုတ်ဝေခဲ့သည်။ ၁၉၅၀ မေလတွင် တာရာမဂ္ဂဇင်းကို လုံးဝရပ်နားခဲ့သည်။ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ (၁၉၅၀)၊ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ကရက် (မြန်မာနိုင်ငံ)၏ ဒုတိယဥက္ကဋ္ဌ(၁၉၅၂)၊ မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂ ဥက္ကဋ္ဌ (၁၉၆၃)အဖြစ် ဆောင်ရွက်ခဲ့သည်။ **'စပယ်ဦး ဝတ္ထုတိုပေါင်းချုပ်'** စာအုပ်ဖြင့် စာပေဗိမာန် ဝတ္ထုတိုပေါင်းချုပ်ဆု (၁၉၆၁) ရရှိခဲ့သည်။

၂၀၁၃ ခု၊ ဩဂုတ်လ ၁၉ ရက်၊ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ်၊ အောင်ပန်းမြို့နေအိမ် (အမှတ် ၉၁၊ ဈေးအနောက်ဘက်၊ ရွာင်စုရပ်) ၌ ကွယ်လွန်သည်။



9 248480 505030

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၄၆၈

# ဒဂုန်တာရာ

# သုံးနှစ်သုံးမိုး ပိုထီးငုဝါပွင့် အပြာနု

# THREE YEARS

## Anton Chekhov

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၈၂၅၅ ၉၄၈၊ ၀၉ ၇၄၀ ၉၇၉၃၉၃။
*e-mail: theeras2001@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

သုံးနှစ်သုံးမိုး ပိုးထီးငုဝါပွင့် အပြာနု
ဒုတိယအကြိမ်၊ ဇွန်၊ ၂၀၂၄။
ပထမအကြိမ်၊ ဒီဇင်ဘာ၊ ၁၉၉၆ (ယွန်းရွှေအိမ်စာပေ)။
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၇၀၀၀ ကျပ်

**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** ဦးအေးဝင်း၊ အေးကမ္ဘာ ပုံနှိပ်တိုက် (၀၀၂၉၀)၊ အမှတ် ၄၆၊ ၄၆လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံးပန်းချီ** ဗဂျီအောင်စိုး၊ **မျက်နှာဖုံးဒီဇိုင်း** ကျော်မင်းမောင်၊ **ကွန်ပျူတာစာစီ** သရဖီ။

mgyoe.com

mgyoe.com SAMPLE BOOK

# ဒဂုန်တာရာ၏ အမှာ

## (က)

'သုံးနှစ်သုံးမိုး ပိုးထီးငုဝါပွင့် အပြာနု' ဝတ္ထုမှာ သူ၏ ပင်ကိုဝတ္ထု မဟုတ်။ ရုရှား စာရေးဆရာ ချက်ကော့၏ 'သုံးနှစ်'ဆိုသော ဝတ္ထုကို မှီး၍ ဘာသာပြန်ထားသော ဝတ္ထု ဖြစ်သည်။ ပင်ရင်း ရုရှားအမည်များကို မသုံးဘဲ မြန်မာအမည်များကိုသာ သုံးထားသောကြောင့် မှီငြမ်းသည့် ဘာသာပြန်တစ်မျိုး ဖြစ်သည်။ မူရင်းဘာသာမှာ ရုရှား ဖြစ်သော်လည်း သူက အင်္ဂလိပ် ဘာသာပြန်က တစ်ဆင့် ယူသည်။ မူရင်းဝတ္ထုအတိုင်း ခံစားမှုပါအောင် ကြိုးစား ဖွဲ့နွဲ့ထားသည်။ သူသည် ချက်ကော့၏ ဝတ္ထုတို အတော်များများကို မှီး၍ ဘာသာပြန်ဖူးသည်။ သူ ကြိုက်သည့် ဝတ္ထုရေးဆရာထဲတွင် ချက်ကော့ ပါသည်။ အကြိုက်ဆုံးထဲတွင် ပါသည်ဟု ပြော၍ ရသည်။

'မှူးယစ်ဝေသော နွေဦးညများ'စာအုပ်တွင် သူ ဘာသာပြန် မှီးထားသော ချက်ကော့၏ ဝတ္ထုတိုလေးများ ပါရှိ

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ချက်ကော့မှာ ဆိုဗီယက်ခေတ်တွင် ပေါ်ထွန်းသော စာရေးဆရာ မဟုတ်။ ဆိုဗီယက် ပြည်ထောင်စု မပေါ်မီ ဇာဘုရင်လက်ထက် ရုရှားပြည်တွင် ကျော်ကြားခဲ့သော ကမ္ဘာကျော် ဝတ္ထုရေးဆရာ ဖြစ်သည်။ ဥရောပ စာပေတွင် ပြင်သစ်စာပေ၊ ရုရှားစာပေတို့သည် ကမ္ဘာတွင် ထင်ရှား လှသည်။

(ခ)

ခေတ်ပေါ် ဥရောပစာပေတွင် ပြင်သစ်စာပေသည် အရေးကြီးသော အခန်းက ပါဝင်သည်။ သူ့သဘောအရ ဆိုလျှင် အင်္ဂလိပ်စာပေထက်ပင် အရေးကြီးသည်။ ပြင်သစ် စာပေ၏ဩဇာ မသေးလှ။ ရုရှားစာပေ၏ဩဇာလည်း မသေးလှ။

တော်စတွိုင်း၏ 'စစ်နှင့် ငြိမ်းချမ်းရေး'သည် ကမ္ဘာ ကျော် ဝတ္ထုကြီး ဖြစ်သည်။ ဥရောပတွင်သာ ကျော်သည် မဟုတ်။ အရှေ့၊ အနောက်၊ အာရှ၊ အာဖရိက စသည့် ကမ္ဘာတစ်ဝန်းတွင်လည်း ကျော်ကြားသောဝတ္ထု ဖြစ်သည်။

ချက်ကော့ဝတ္ထုကို သူ ကြိုက်သည်မှာ အခြားကြောင့် မဟုတ်။ ချက်ကော့သည် လူ၏ ရုပ်ပုံ၊ လူ၏ စိတ်နေ စိတ်ထား၊ လှုပ်ရှားမှု သဘာဝတို့ကို ဖွဲ့နိုင်သောကြောင့် ဖြစ်သည်။ လူ့အကြောင်းကို ချက်ကော့ ကောင်းကောင်း သိသည်။ လူ၏ နောက်ခံကားဖြစ်သော လူ့အဖွဲ့အစည်း ကိုလည်း ချက်ကော့ ကောင်းကောင်း သိသည်။ သိသည့် အတိုင်း ကောင်းစွာ ဖွဲ့သဖြင့် အင်မတန် လှပသည်။ စကားပြေလည်း ကျစ်လျစ်သိပ်သည်း လှပသည်။ နက်နက် နဲနဲနှင့် သရုပ်ဖော်နိုင်သည်။ ဒါကို သူ ကြိုက်သည်။ ထို့ကြောင့်ပင်လျှင် ချက်ကော့၏ 'သုံးနှစ်'ဆိုသော ဝတ္ထု ကို ဘာသာပြန်လိုက်ခြင်း ဖြစ်သည်။ မြန်မာစာပေ ပရိသတ်

mgyoe.com

mgyoe.com SAMPLE BOOK

တို့ ဝတ္ထုကောင်း ဖတ်စေလိုသောကြောင့် ဖြစ်သည်။ ဇာတ်ကောင် အမည်များကို မြန်မာအမည်များ ပေးခြင်းကတော့ ယင်း၌ ခံစားမှု ပို၍ရရှိစေရန် ဖြစ်သည်။ ရုရှားအမည်များနှင့်ဆိုလျှင် စိမ်းနေမည်ဟု သူက ထင်ထားသည်။

လူဆိုသည်က ရုရှားမှာပဲ ဖြစ်ဖြစ်၊ အမေရိကမှာပဲ ဖြစ်ဖြစ်၊ အာဖရိကမှာပဲ ဖြစ်ဖြစ် အတူတူပဲ။ လူသည် လူ။ ထို့ကြောင့်ပင်လျှင် သူသည် လူ့အကြောင်း ကောင်းကောင်း ဖွဲ့နွဲ့သည့် ချက်ကော့ကို မြန်မာ ဆန်အောင် ဖွဲ့နွဲ့လိုက်သည်။ နှလုံးသားကတော့ အတူတူပင်၊ ဘာခြားနားမှာလဲ။ ရင်ခုန်သံလည်း အတူတူ၊ ဘာခြားနားမှာလဲ။

## (၈)

ယခုဝတ္ထုသည် အချစ်ဝတ္ထု ဖြစ်သည်။ သူက အချစ်ဝတ္ထုအဖြစ် ကြိုက်၍ ဘာသာပြန်ခြင်း ဖြစ်သည်။ ချက်ကော့ဝတ္ထု၏ နောက်ခံကားမှာ ဇာဘုရင်လက်ထက် အရင်းရှင်စနစ် ဖွံ့ဖြိုးစကာလ ဖြစ်သည်။ ယနေ့ ခေတ်နှင့် မတူ။ ယင်းခေတ်မျိုးကို သူက မန္တလေးမြို့ကို သတိရကာ ချက်ကော့ထဲက ပါသော စိန့်ပီတာစဘတ် (ဆိုဗီယက်ခေတ်တုန်းကတော့ လီနင်ဂရက်) ကို ရတနာပုံဟု မြန်မာမှု ပြုလိုက်သည်။

အချစ်ဝတ္ထု ဆိုသဖြင့် မချစ်သည့်ကိစ္စက စ၍ ပါသည်။ ဖြူကြာပွင့်သည် စန်းငွေလှိုင်ကို ကြိုက်သူ မဟုတ်၊ ချစ်သည် မဟုတ်ဘဲနှင့် လက်ထပ်လိုက်ရသည်။ ဒါကို သူကြိုက်သည်။ ထို့နောက် သူတို့ နှစ်ယောက်သည် လင်မယားဘဝဖြင့် လူ့အဖွဲ့အစည်းကြီးတွင် နေထိုင်ရင်း နောက်ဆုံးတွင် သူမသည် စန်းငွေလှိုင်ကို ချစ်သွားသည်။ ဒါကို သူ အကြိုက်ဆုံး။

သူ ကြိုက်၍သာလျှင် ဤဝတ္ထုကို ဘာသာပြန်ဖြစ်

mgyoe.com

mgyoe.com SAMPLE BOOK

သွားသည်။ အချစ် ဆိုသည်ကို ပေါ့ပေါ့ထား၍ မရ။ တပ်မက် ကာမအချစ်ဟူ၍ မှတ်ယူထား၍ မရ။ အမျိုးသားနှင့်အမျိုးသမီးတို့ ဆက်သွယ်ရင်း တစ်ယောက်အကြောင်း တစ်ယောက် နားလည် သိရှိသွားသောအခါ ချစ်သွားရသည်။

အချစ်ဒဿနဗေဒကို ချက်ကော့က ကောင်းကောင်း ဖွဲ့နိုင်သည်။ လူ့သဘာဝ ဖွဲ့လျှင် လူ့အဖွဲ့အစည်း မပါ၍ မဖြစ်။ အချစ်ဝတ္ထုတွင် လူ့ သဘာဝ မပါ၍ မဖြစ်။ လူလူချင်း ချစ်ရာတွင် လူ့သဘာဝကို ပီပီသသ မဖွဲ့နိုင်လျှင် ဝတ္ထုရှည် မဖြစ်။ ချက်ကော့သည် အသက်ပါသော၊ ကျစ်လျစ်သော စကားပြေဖြင့် ဖွဲ့နွဲ့သည်။ ယင်းသို့ ချက်ကော့၏အလုကို သူ နိုင်သမျှ ဘာသာပြန်နိုင်လျှင်၊ လှပအောင် ဘာသာပြန်နိုင်လျှင် သူ ဘာသာပြန်ရကျိုး၊ ဖွဲ့နွဲ့ရကျိုး နပ်ပြီဟု ကျေနပ်ရပေမည်။

အချစ်ဆိုသည်မှာ မချစ်ရာမှပင် ချစ်လာနိုင်ပါတကား။ ချစ်ခြင်းသည် ဘဝ၏ ငြိမ်းချမ်းရေး၊ ဘဝ၏ အလှအပ။

**ဒဂုန်တာရာ**

၁၈၊ ၁၀၊ ၉၆။

mgyoe.com

mgyoe.com SAMPLE BOOK

၁။

မှောင်လျက်ပင် ရှိနေပေသေးသည်။ ဟိုမှ ဒီမှ ပြတင်းပေါက်ရှိ မီးရောင်များမှတစ်ပါး၊ လမ်းတစ်ဖက် အဝေးရှိ စစ်တန်းလျားနောက်က ပေါ်နေသော ဖျော့တော့သော လဝန်း၏အရောင်မှတစ်ပါး။ စန်းငွေလှိုင်သည် သူ၏အိမ်ရှေ့ရှိ ထိုင်ခုံ၌ ထိုင်ကာ ရှင်ရဋ္ဌပိတ၊ ရှင်ပေါလ္လသုစမ္မာ ဘုရားရှိခိုးကျောင်း ညဥ့်ဦးယံ ဆုတောင်းပတ္ထနာပွဲအပြီးကို စောင့်လျက်ရှိနေပေသည်။ ဖြူကြာပွင့်သည် သုစမ္မာမှ အိမ်အပြန် ဤလမ်းကပင် လာရပေမည်ဟု သူ မျှော်လင့်ထားသည်။ သူမကို စကားပြောရမည်။ ညဥ့်ဦးယံ တစ်ချိန်လုံး သူမနှင့်ပဲ အချိန်ကုန်စေရမည်။

သူသည် တစ်နာရီကျော်ပင် စောင့်နေရကာ သူ၏အတွေးသည် ရတနာပုံမြို့တော်ရှိ သူ၏အိမ်ခန်း၊ ရတနာပုံက သူ့ဆွေမျိုးများ၊ သူ့လက်စွဲတော် နန္ဒိယ၊ သူ့စာကြည့်ခန်းက စာရေးစားပွဲ စသည်အပေါ်သို့ လွင့်ပါးနေသည်။ သူသည် မှောင်သော၊ မလှုပ်မယှက် ငြိမ်သက်သော သစ်ပင်များကို ငေးစိုက်ကြည့်ကာ တွေးနေသည်။ အင်ကြင်းမြိုင်လို

mgyoe.com

mgyoe.com SAMPLE BOOK

နေရာ၌ တောအိမ်လေး ငှားထားမည့်အစား ဤတောမြို့ကလေး၌ နေရတာကမှ ကောင်းသေးတော့။ ဘယ်လောက် ဆန်းသလဲ။ နွားများ ဖြတ်သွားလျှင် ဖုန်လိပ်တွေဖြင့် ပိန်းပိတ်နေကာ၊ မနက်ကော ညနေစောင်းကော ကျွဲချိုမှုတ်သံတို့ဖြင့် ညံစီနေပေသည်။ တစ်ဖန် သူ၏အတွေးသည် ရတနာပုံရှိ သူ၏မိတ်ဆွေများနှင့် အဆုံးမရှိသော ငြင်းခုံခြင်းများသို့ လွင့်သွားပြန်သည်။ အချစ်မရှိဘဲ ဘဝတွင် နေလို့ရခြင်း၊ အချစ်ဆိုတာ စိတ္တဇရောဂါ တစ်မျိုး၊ နောက်ဆုံးတော့ အချစ်ဆိုတာ ရှိကို မရှိတဲ့အကြောင်း၊ ဒါပေမဲ့ ရှိတာက လိင် နှစ်မျိုးချင်း ကိုယ်ကာယအားဖြင့် စွဲမက်တာသာ ရှိခြင်း စသည် ...။ ခုနေအခါ တစ်ယောက်ယောက်က သူ့ကို အချစ်အကြောင်း မေးလာလျှင်တော့ ဘာပြန်ပြောရမလဲ။ ခပ်ခက်ခက်ဟု ဝမ်းနည်းစွာ တွေးနေပြန်သည်။

ဆုတောင်းပတ္ထနာပွဲကား ပြီးသွားပေပြီ။ ပရိသတ်ကြီးသည် သုဓမ္မာဘုရားကျောင်းမှ ဖိတ်ကျလာပေပြီ။ စန်းငွေလှိုင်သည် လမ်းပေါ်ရှိ လှုပ်ရှားနေသော မည်းမည်းသဏ္ဍာန်များကို ရှာဖွေကြည့်နေသည်။ ဆရာတော်သည် သူ၏မြင်းရထားနှင့် ပြန်ကြွသွားပေပြီ။ ချူသံပင် မကြားရတော့ပြီ။ ဆုတောင်းပွဲအား ဂုဏ်ပြုသောအားဖြင့် ခေါင်းလောင်းစင်၌ ထွန်းညှိထားသော အနီနှင့် အစိမ်း မီးရောင်များပင် တစ်ခုပြီးတစ်ခု ငြိမ်းသွားပေပြီ။ သို့သော် လမ်းမပေါ်၌ကား လမ်းလျှောက် အိမ်ပြန်ကြသော သို့မဟုတ် အိမ်ပြတင်းပေါက်နား၌ ရပ်စကားပြောကြသော သူတို့နှင့် ပြည့်လျက် ရှိနေပေသည်။ နောက်ဆုံး၌ကား စန်းငွေလှိုင်သည် သူ ကြားဖူးသော အသံကို ကြားလာရကာ သူ၏ရင်ခုန်သံသည် မြန်လာခဲ့သည်။ သို့သော် ဖြူကြာပွင့်မှာ တစ်ယောက်တည်း မဟုတ်။ အခြား အဖော် အမျိုးသမီး နှစ်ယောက်နှင့်။

လမ်းထောင့်၌ ဖြူကြာပွင့်သည် ရပ်ကာ သူ့အဖော်များနှင့် လမ်းခွဲပြီး ကြည့်လိုက်ရာ စန်းငွေလှိုင်ကို သွားမြင်သည်။

'မဖြူကြာပွင့် အဖေဆီကို ခုပဲ လာမလို့။ သူ အိမ်မှာရှိလား'

'ရှိလောက်ပါတယ်။ ကလပ်သွားဖို့က စောပါသေးတယ်'

လမ်းမကြီးမှာ သစ်ပင် ပန်းခြံများ တစ်ဖက်တစ်ချက် သွယ်တန်း

mgyoe.com

mgyoe.com SAMPLE BOOK

လျက် ရှိသည်။ လရောင်ပြက်၌ကား တစ်ဖက်ရှိ ခြံဝင်းတံခါးနှင့် ခြံစည်းရိုးများ၌ အမှောင်ရိပ်ကျလျက် ရှိနေသည်။ စိတန်းလျက်ရှိသော အရပ်ရှည်ရှည် သံပရာပင်များ၏ အရိပ်ကြောင့် အမှောင်ထဲမှာပင် အမျိုးသမီးများ၏ တွတ်တွတ်ထိုးသံများ၊ တခစ်ခစ် ရယ်သံများနှင့် မယ်ဒလင်ခတ်သံ ညင်းညင်းညှံ့ညှံ့များ ထွက်ပေါ်လာကြသည်။ ဤအသံများ၊ သံပရာဖူး သင်းမြမြနှင့် ကောက်လှိုင်းထုံး ရနံ့များသည် သူ့ကို စိတ်လှုပ်ရှားစေပေသည်။ သူ့အဖော်အား ဖက်ပစ်လိုက်ချင်နေသည်။ မျက်နှာ၊ လက်နှင့် ပခုံးပေါ်သို့ အနမ်းမိုး ပက်ဆမ်းလိုက်ချင်သည်။ ကိုယ်ကို ပစ်လှဲကာ သူ၏ခြေရင်း၌ ငိုရှိုက်ရင်း ဘယ်လောက်များ ကြာကြာ စောင့်နေရတယ်ဆိုတာ မင်း သိရဲ့လားကွယ်ဟု ပြောလိုက်ချင်စမ်းပါဘိကွယ်။ သူမ၏ပုဂ္ဂလ၌ ငြိတွယ်လျက်ရှိနေသေးသော၊ သတိမရချင်သော အမွှေးတိုင် ရနံ့။ သူလည်းပဲ ဘုရားသခင်ကို ယုံကြည်နေသော၊ ဆုတောင်းပွဲများကို တက်ခဲ့သော ကာလများကို အမှတ်ရစေသည်။ သန့်ရှင်းစင်ကြယ်၍ ကဗျာဆန်သော အချစ်ကို တမ်းတသော ကာလ။ တကယ်ကတော့ ဖြူကြာပွင့်က သူ့ကို မချစ်တာကိုလည်း သိနေသည်။ သူ အိပ်မက် မက်ခဲ့သော ပျော်ရွှင်ခြင်းကို ဘယ်တော့မှ ရမှာ မဟုတ်ဟု ခံစားနေပေသည်။

သူမက မကျန်းမာလျက်ရှိသော သူ၏အစ်မ မမခင်မေဆက်လှိုင်အကြောင်းကို ကြင်နာစွာ ပြောဆိုနေပေသည်။ လွန်ခဲ့သော နှစ်လက ခင်မေဆက်လှိုင်သည် အနာပဆုပ်ရောဂါကြောင့် ခွဲစိတ်ကုသခြင်း ခံခဲ့ရပြီးနောက် ယခုအခါ ရောဂါပြန်ထလာသည်။

'မနက်ကတောင် ကျွန်မ မမလှိုင်ဆီ ရောက်သေးတယ်။ ကြည့်ရတာ အရင်ကနဲ့ မတူဘူးတောင် ထင်မိတယ်။ အရင်ကထက်တော့ ပိုပိန်မသွားဘူး။ ဒါပေမဲ့ တစ်နည်းမဟုတ် တစ်နည်းအားဖြင့်တော့ ညှိုးကျသွားတယ်နော်'

'ဟုတ်တယ်ဗျ။ ရောဂါ ပြန်ထတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ တစ်နေ့တခြား အားနည်း အားနည်းလာတာတော့ တွေ့ရတယ်။ ကြည့်ရင်းကိုပဲ ... အဲဒါ ဘာဖြစ်တာလဲ မသိဘူးနော်။ သိပ်သနားတာပဲ'

ဖြူကြာပွင့်သည် ခဏမျှ တိတ်ဆိတ်နေပြီးမှ 'မမလှိုင်ဟာ ကျန်း

mgyoe.com

mgyoe.com SAMPLE BOOK

ကျန်းမာမာ၊ ဝဝကစ်ကစ်၊ ပါးမို့နီစွေးနဲ့နော်။ အဲဒါများ တွေးမိရင် ... ရွှေမန်းသူလေးလို့ ဒီက သူ့ကို ခေါ်ကြတာ။ ခုနေ ဘယ်လောက်များ ရယ်ကြမလဲ။ ထိုင်မသိမ်းနဲ့ မင်းသမီးအဝတ်ကလေးများ ဆင်ထားရင် သူနဲ့ သိပ်လိုက်တာ'

ဒေါက်တာသီဟမှာ အိမ်၌ပင် ရှိနေသည်။ တောင့်တောင့်၊ မျက်နှာ နီနီ၊ အပေါ်အင်္ကျီက ရှည်ရှည်ဖားဖား၊ ဒူးထိ ရောက်သည်။ ခြေထောက် တိုသည်ဟု ထင်ရသည်။ သူ၏စာကြည့်ခန်းတွင် အိတ်ထဲ လက်ထည့် ကာ ပါးစပ်ကလည်း လုပ်နေကျအတိုင်း 'အင် ... အင် ... အင် ... အင် ...'ဟု ညည်းရင်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက် ရှိသည်။ သူ၏ ပါးမြိုင်းမွေးဖြူများမှာ ကားကားလွင့်လွင့်။ သူ၏ဆံပင်များမှာ လည်း ပွရောင်းရောင်း၊ မသပ်မရပ်။ အိပ်ရာက ခုပဲ ထလာသကဲ့သို့။ သူ၏စာကြည့်ခန်းမှာလည်း ဆရာဝန်ကဲ့သို့ပင် မသပ်မရပ်၊ ရှုပ်ပွေ ပွရောင်း။ အနံ့အသက် မကောင်း။ ဆိုဖာရှိ ကူရှင်များမှာ ဖွာလန်ကြဲ။ အခန်းထောင့်၌ စာရွက်ဟောင်းများ အထပ်လိုက်။ ခွေးအိုမမာက စားပွဲ အောက်၌ ခွေလျက်။

သူ့သမီးက စာကြည့်ခန်းထဲ ဝင်လာပြီး သူ့အား 'ဦးစန်းငွေလှိုင် က အဖေ့ကို တွေ့ချင်လို့တဲ့ အဖေ'

ဆရာဝန်သည် 'အင် ... အင် ... အင် ... အင် ...'ဟု ညည်းသံ ပြုကာ ဧည့်ခန်းထဲသို့ သူတို့ကို ခေါ်ဆောင်သွားလေသည်။

သူသည် စန်းငွေလှိုင်အား လက်ဆွဲနှုတ်ဆက်ကာ ...

'ဟုတ်ကဲ့ ... ဘာသတင်းကောင်းများ ပါသလဲ'

ဧည့်ခန်းထဲတွင်ကား မှောင်လျက် ရှိသည်။ စန်းငွေလှိုင်က ဦးထုပ် ကို ကိုင်ရင်း မတ်တတ်ရပ်ကာ မဖိတ်ခေါ်ဘဲ ဝင်ရောက်လာရသည်ကို တောင်းပန်ပြီး သူ့မမ ညကျ အိပ်ပျော်အောင် ဘာလုပ်ရမလဲ၊ ဘာဖြစ် လို့ တဖြည်းဖြည်း ပိန်လာရသလဲ စသည်တို့ကို မေးမြန်းနေသည်။ မေး ရင်းလည်း စိတ်က မသက်မသာ ခံစားနေမိသည်။ မနက်ကပဲ ဒေါက်တာ သီဟ လာစဉ်က သည်မေးခွန်းများပဲ မေးခဲ့ပြီးပြီ မဟုတ်လား။

'ရတနာပုံမြို့တော်က အထူးကုဆရာဝန်များ ခေါ်ရရင် ကောင်း

mgyoe.com

mgyoe.com SAMPLE BOOK

များ ကောင်းမလားလို့။ အဲဒါ ဆရာက ဘယ်လို သဘောရပါသလဲ'ဟု သူက ပြောလိုက်သည်။

ဆရာဝန်ကြီးသည် သက်ပြင်းချသည်။ ပခုံးနှစ်ဖက်ကို တွန့်ကာ လက်များကို ဖြန့်ချလိုက်သည်။

ဆရာဝန်မှာ ရှင်းရှင်းကြီး အနိုင်ခံရပေပြီ။ တကယ်ကတော့ သူသည် လွန်စွာကို သဘောထားနုသူ။ ဆတ်ဆတ်ထိ မခံနိုင်။ သူ့ကို လူတွေက ယုံကြည် စိတ်မချကြ။ သူ့ကို ကောင်းစွာ နားမလည်ကြ။ မလေးစားကြ။ လူနာများက သူ့ကို အသုံးချနေကျ။ သူ့အပေါင်းအသင်းများကလည်း သူ့အပေါ် အန္တရာယ်ပြုချင်ကြသည်ဟု တွေးထင်လျက် ရှိမြဲ။ သူသည် သူ့ကိုယ်ကို မကျေမနပ်ဖြင့် ရယ်မောပစ်ကာ သူ့လို အရူးတွေက ဒါမျိုးကို သည်းခံရမည်ဟု ပြောနေပေသည်။

ဖြူကြာပွင့်သည် မီးအိမ်ကို ထွန်းညှိလိုက်သည်။ သူမ၏ ဖျော့တော့တော့၊ လေးတေးတေး ဟန်နှင့် မသွက်မလက်သော အမူအရာကို ကြည့်ခြင်းအားဖြင့် သုဓမ္မာဆုတောင်းပွဲက အပြန် ပန်းလျနေကာ နားချင်နေသည်ဟု စန်းငွေလှိုင်က သိလိုက်သည်။ သူမသည် ကတ္တီပါကွပ်ပျစ်ပေါ်တွင် ထိုင်ကာ ပေါင်ပေါ် လက်တင်ပြီး မှိန်းနေသည်။ စန်းငွေလှိုင်က သူ့ကိုယ်သူ ရုပ်မချောဟု သိနေသည်။ လူပုံက ပုတုတု၊ ကိုယ်ခန္ဓာတည်ဆောက်ပုံက နည်းနည်း သေးသေး၊ ပန်းနုရောင် ပါးနှင့် ဆံပင်က ငယ်ထိပ်က ကျဲပြီး အအေးမခံနိုင်။ သူ၏ မျက်နှာပုံပန်းမှာ သာမန်ချစ်စရာ ကြည့်ပျော်ရှုပျော်ထဲကပင် မဟုတ်။ အမျိုးသမီးများနှင့်မူ သူက မလှမပ။ ဟန်ပန် ကလန်ကလား။ စကားများပြီး သူ့အမူအရာမှာ တမင်လုပ်လုပ်ထားသည့် အမူအရာမျိုး။ ယခုအခါ သူသည် သူ့ကိုယ်သူ ကဲ့ရဲ့လျက် ရှိနေပေသည်။ သူနှင့်အတူ ရှိနေသည်ကို ဖြူကြာပွင့် ငြီးငွေ့မသွားရအောင် သူသည် စကားစမြည် ပြောသင့်သည်ဆိုတာ သူ သိပါသည်။ ဒါပေမဲ့ ဘာအကြောင်း ပြောကြမလဲ။ သူ့အစ်မ နေမကောင်းတာ ထပ်ပြောရမလား။

သူသည် ဆေးသိပ္ပံအကြောင်း စတင် ပြောသည်။ ခါတိုင်း ပြောနေကျအတိုင်း ပတ်ဝန်းကျင် သန့်ရှင်းရေးကို ထောမနာပြုသည်။ သူသည်

mgyoe.com

mgyoe.com SAMPLE BOOK

ရတနာပုံမြို့တော်၌ စတည်းချ ရိပ်သာတစ်ခု ဖွင့်လှစ်ရန် လွန်ခဲ့သော ကာလအတန်ကြာကပင် စီစဉ် လျာထားလျက်ရှိကြောင်း ကြေညာလိုက် သည်။ ကုန်ကျစရိတ် ခန့်မှန်းခြေစာရင်းကိုပင် ရေးဆွဲပြီးပြီ။ အလုပ် သမား တစ်ယောက် 'စတည်းချရိပ်သာ'သို့ လာတည်းသော် ဂေါ်ဖီထုပ် ဟင်းချိုပူပူ တစ်ပန်းကန်နှင့် ပေါင်မုန့်၊ သန့်ရှင်းနွေးထွေးသော အိပ်ရာ၊ စောင်ပါ၊ အဝတ်အစားလှန်းရန် နေရာ။ အဲဒါမှ တည်းခ တစ်ကျပ်တည်း။

ဖြူကြာပွင့်မှာ သူ ရှိနေစဉ်တွင် တိတ်ဆိတ်လျက် ရှိနေသည်။ သို့သော် ထူးဆန်းသည်ကား ချစ်သူတို့၏ မေတ္တာသိဖြင့် သူမ ဘာတွေး နေသည် ဆိုတာကို မှန်းကြည့်နေပေသည်။ သူမသည် အခန်းသို့ ပြန် မသွားသေး၊ အဝတ်အစား မလဲသေး၊ ဆုတောင်းပွဲက အပြန် လက်ဖက် ရည် မသောက်သေး။ ဒါဖြင့် တစ်ခေါက် အပြင်ထွက်ဦးမည်လား။

စန်းငွေလှိုင်က စိတ်ဂနာမငြိမ်ဖြစ်ကာ ဒေါက်တာသီဟအား ပြော လျက် ရှိသည်။

'အဲဒီ စတည်းချရိပ်သာ စီမံကိန်းက အလျင်တော့လည်း မလိုသေး ပါဘူး ဒေါက်တာရယ်'

ဒေါက်တာက သူ့ကို နားမလည်ကြည့်ဖြင့် ငေးစိုက်ကြည့်နေ သည်။ ဘာဖြစ်လို့များ ဆေးသိပ္ပံနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ဘာ သာရပ်ကို ပြောနေပါလိမ့်ဟု အံ့သြလျက် ရှိသည်။

'တကယ်တော့လည်း ခန့်မှန်းခြေ ငွေစာရင်းက သိပ်လိုနေသေး တာ မဟုတ်ဘူးပေါ့လေ။ ချက်ချင်း လုပ်ရမှာ မဟုတ်ဘဲ၊ ကျွန်တော် စိုး ရိမ်နေတာက စတည်းချရိပ်သာ တည်ထောင်ရေးကို သာသနာတော် အကြောင်းပြုပြီး စားနေတဲ့ လူ့ဟန်ဆောင်တွေ၊ ပရဟိတအဖွဲ့ ဆောင် ရွက်တဲ့ စေတနာ့ဝန်ထမ်း အမျိုးသမီးတွေလက်ထဲ ရောက်မှာကိုပါ။ ဒီလို အမျိုးသမီးတွေ ပါလာရင် တကယ်ကောင်းတာတွေ ဖျက်ဆီးပစ်ကြမှာ'

ဖြူကြာပွင့်သည် ထကာ သူ့လက်ကို ဆွဲလိုက်သည်။

'ကျွန်မကို ခွင့်လွှတ်ပါနော် ကိုစန်းငွေလှိုင်။ ကျွန်မ သွားစရာ တစ်ခု ရှိပါတယ်။ မမလှိုင်ကို ကျွန်မက မေးကြောင်း ပြောလိုက်ပါ'

ဆရာဝန်ကမူ 'အင် ... အင် ... အင် ...'ဟု ညည်းဆိုလျက် ရှိမြဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ဖြူကြာပွင့်သည် ထွက်သွားပြီး မကြာခင်ပင် သူလည်း ဒေါက်တာသီဟကို နှုတ်ဆက်ကာ အိမ်ပြန်ခဲ့ပေသည်။ သံပရာပင်များ၊ အမှောင်ရိပ်များ၊ တိမ်တိုက်များ၊ သဘာဝ၏ သာမန်ဖြစ်သော အလှများသည် သူ့အဖို့ တန်ဖိုးလည်း မရှိတော့။ လူတစ်ယောက်သည် မကျေမနပ် ဖြစ်နေလျှင်၊ စိတ်မပျော်ရွှင်လျှင် သည်လိုပဲ ဖြစ်တတ်သည် မဟုတ်လား။ လဝန်းသည် ကောင်းကင်ယံ၌ အမြင့်ကြီး နင်နေကာ သူ့အောက်ရှိ တိမ်တိုက်တို့ ကပ်ပြေးလိုက်နေကြပေသည်။ ဘယ်လောက်များ ရိုးအ,လိုက်တဲ့ တောမြို့ကလေးက လဝန်းပါလဲ။ ဘယ်လောက်များ သနားစရာကောင်းတဲ့ တိမ်တိုက်အလိပ်များပါလဲ။ သူသည် ဆေးသိပ္ပံနှင့် စတည်းချရိပ်သာအကြောင်း ပြောခဲ့သည်ကို သူ့ကိုယ်သူ ရှက်နေ၏။ နောက်တစ်နေ့လည်း သူမကို မတွေ့ဘဲ မနေနိုင်။ စကားမပြောရဘဲ မနေနိုင်။ သူမ၏ သွေးဆောင်မှုကို မခုခံနိုင်ဘဲ ရှိမည်ကို ကြောက်နေသည်။ ဖြူကြာပွင့်ကလည်း သူ့ကို နည်းနည်းမှ ဂရုမစိုက်တာကိုလည်း သိနေသည် မဟုတ်လား။ နောက်တစ်နေ့လည်း ဒီလိုပဲ ဖြစ်ဦးမှာပဲ။ ဘယ်တော့များမှ ဆုံးတော့မှာပါလိမ့်။

အိမ်ပြန်ရောက်သောအခါ သူသည် သူ့အစ်မ အခန်းသို့ သွားလေသည်။

ခင်မေဆက်လှိုင်မှာ အပြင်ပန်းအားဖြင့် ကျန်းကျန်းမာမာဟုပင် ထင်ရပေသည်။ သူမကို လူမမာဟု မထင်ရ။ မျက်စိမှိတ်ကာ လဲလျောင်းနေစဉ် မျက်နှာ၏ ဖြူဖျော့ခြင်းက လူသေပုံ ပေါက်နေသည်ကိုသာ မမြင်ရလျှင်။

သူမ၏ အကြီးဆုံးသမီး အသက်ဆယ်နှစ်အရွယ် ခင်ပိတောက်။ သူမဘေး၌ ထိုင်ကာ ကျောင်းစာအုပ်ကို ဖတ်ပြနေသည်။

'ဟော ... စန်းငွေလှိုင်တောင် ပြန်လာပြီ'ဟု လူမမာက တိုးတိုးပြောလိုက်သည်။

အတော်ကြာကပင် စကားမပြောရဘဲ နားလည်မှု ရထားသည့်အတိုင်းပင် ခင်ပိတောက်နှင့် သူမ ဦးလေးသည် လူမမာအိပ်ရာကို ကြည့်လိုက်ကြပေသည်။ ခင်ပိတောက်သည် စာအုပ်ပိတ်ကာ စကားတစ်ခွန်းမှ

mgyoe.com

mgyoe.com SAMPLE BOOK

မဟာဘဲ အသာကလေး အခန်းထဲက လျှောထွက်သွားလေသည်။ စန်းငွေလှိုင်သည် မှန်တင်ခုံပေါ်က ရာဇဝင်ဝတ္ထုတစ်ပုဒ်ကို ယူလိုက်ကာ လိုချင်သော စာမျက်နှာကို တွေ့၍ အသံကျယ်စွာပင် ဖတ်ပြနေပေသည်။

ဒေါ်ခင်မေဆက်လှိုင်ကား ရတနာပုံမြို့တော် ချက်မြှုပ်ပင် ဖြစ်သည်။ သူမနှင့် မောင်အငယ် နှစ်ယောက်စလုံးပင် မြောက်ပြင်၊ စိန်မြရံခြံယ်လမ်းရှိ ဖခင် ကုန်သည်ကြီး၏အိမ်၌ ငယ်စဉ်ကလေးဘဝက အပျိုဘဝအထိ နေထိုင်ကြီးပြင်းခဲ့ကြသည်။ သူတို့၏ ငယ်စဉ်ဘဝကား စိတ်ဓာတ်ကျစရာ၊ ထိုင်းမှိုင်း ရီမှောင်သော ရှည်လျားသော ဘဝပင်။ ဖခင်သည် သူမ၏အပေါ်၌ စည်းကမ်း လွန်စွာကြီးကာ  တစ်ကြိမ်ထက်မက သူမကို ရိုက်နှက်ဆုံးမခဲ့ဖူးသည်။ သူမ၏အမေမှာလည်း အကြာကြီး မမာဖြစ်ပြီးနောက် ကွယ်လွန်ခဲ့သည်။ အစေအပါးများမှာ ညစ်ပတ်ပေရေ၊ မသပ်မရပ်၊ ကြမ်းကြမ်းတမ်းတမ်း။ ဟန်လည်း ဟန်ဆောင်သူများ။ သူတို့အိမ်သို့ ကြွရောက်လာကြသော ဘုန်းကြီးများမှာလည်း ပယ်ပယ်နယ်နယ် စားကာသောက်ကာ၊ သူ့ဖခင်အား မြှောက်ကာပင့်ကာ။ တကယ်တော့ သူတို့သည် သူမ၏ဖခင်ကို ကွယ်ရာ၌ ကဲ့ရဲ့ကြသည်သာ။ ကလေးများကတော့ ကံကောင်း ထောက်မ၍ ကျောင်းသို့ သွားကြသည်။ သို့သော် ခင်မေဆက်လှိုင်ကတော့ ပညာကောင်းကောင်း မသင်ရ။ စာရေးတတ်ရုံ။ ရာဇဝင်ဝတ္ထုများက လွဲ၍ တခြား ဘာမျှ မဖတ်။ သူမ အသက် ၂၂ နှစ်အရွယ်၊ လွန်ခဲ့သော ၁၇ နှစ်က ယခုယောက်ျား ဦးမြတ်အေးနှင့် နွေရာသီ ပင်လယ်စခန်းက ကျိုက်စဲ၌ တွေ့ကာ ချစ်ကြိုက်ပြီး တိတ်တိတ်လက်ထပ်လိုက်ကြသည်။ သူ့ဖခင်၏ အလိုဆန္ဒနှင့် ဆန့်ကျင်၍။ အဘိုးကြီးကမူ ချောမောသော၊ မာန်ဝင့်သော၊ ဘုရားသခင်ရုပ်တုရှေ့၌ ထွန်းထားသော၊ ဖယောင်းတိုင်က လေချွန်ကာ၊ မီးယူညှိကာ စီးကရက် ဖွာတတ်သော၊ မြေပိုင်ရှင်ကလေးကို အလကားကောင်ဟု သဘောထားသည်။ သူ့သမက်က လက်ဖွဲ့ပစ္စည်းပေးပို့ပါရန် စာများ ရေးသား တောင်းဆိုနေသောအခါ သူ့သမီးထံသို့ စာပြန်လိုက်၏။ သူ့အမေ၏ သားမွေးအင်္ကျီများ၊ ငွေထည်ပစ္စည်းများနှင့် အခြား ပစ္စည်းပစ္စယနှင့် ကျပ်ငွေ ၃၀,၀၀၀ ပေးပို့လိုက်မည်ဖြစ်ကြောင်း၊ သို့သော် အဘိုးကြီးက သမီးကို

mgyoe.com

mgyoe.com SAMPLE BOOK

ဘုရားသခင်က စောင်မ,ကြည့်ရှုတော်မူရန် ဆုတောင်းမှုကား မပေးချေ။ အတန်ကြာသောအခါ တစ်ဖန် ငွေ ၂၀,၀၀၀ ပို့လိုက်ပြန်သည်။ ငွေနှင့် လက်ဖွဲ့ပစ္စည်းများ ကုန်သောအခါ တောအိမ်ကလေးကို ရောင်းချပစ်ရသည်။ တစ်အိမ်သားလုံး မြို့သို့ရွှေ့ကာ ဦးမြတ်အေးသည် မြို့ပြအုပ်ချုပ်ရေး၌ ရာထူးတစ်နေရာ ရသည်။ သည်မြို့မှာပင် သူသည် အိမ်ထောင်သစ် တစ်ခု ရသည်။ မြို့က ကဲ့ရဲ့သင်္ဂြိုဟ် အတင်းပြောစရာ။ သူကလည်း ဖုံးဖိထားရန် မကြိုးစားတော့ပေ။

ခင်မေဆက်လှိုင်မှာ သူ့ယောက်ျားကို မြတ်နိုး ချစ်ခင်သည်။ ယခုအခါတွင်ကား သူမသည် ရာဇဝင်ဝတ္ထုတော်ကြီးကို နားထောင်ရင်း အတိတ် နှစ်ကာလများကို တွေးတောလျက် ရှိပေသည်။ ဝတ္ထုရေးဆရာ တစ်ယောက်ကများ သူ့အကြောင်း ရေးသားဖွဲ့နွဲ့ရလျှင် ဘယ်လောက် ဝမ်းနည်းစရာ အလွမ်းဝတ္ထုတစ်ပုဒ် ဖြစ်မလဲ။ သူမ၏ရင်ဘတ်၌ အနာရှိနေပေရာ ပျော်ရွှင်ချမ်းမြေ့မှု မရှိသော အချစ်ကြောင့် လူမမာဖြစ်ရသည်ဟု ယုံကြည်စွဲမြဲလျက် ရှိသည်။ မျက်ရည်နှင့် မနာလိုခြင်းတို့သည် သူမထံက ကျန်းမာရေးကို လုယူဖျက်ဆီးခဲ့ပေသည် မဟုတ်လား။

'ပထမခန်းကတော့ ပြီးသွားပြီ။ ဘုရားသခင်ကို ချီးကျူးထောမနာပြုတော်မူပါ။ မနက်ဖြန်ကျ နောက်တစ်ခန်း ဆက်ကြတာပေါ့ ...'

ခင်မေဆက်လှိုင်သည် ရယ်မောလိုက်သည်။ သူမသည် လွယ်လွယ်ပင် ရယ်တတ်ပေသည်။ သို့သော် စန်းငွေလှိုင်ကမူ သူ့အစ်မသည် ရောဂါကြောင့် စိတ်ကိုပါ ထိခိုက်လျက်ရှိသည်ဟု သတိထားမိစ ပြုလာသည်။ ဘာကလေးဖြစ်ဖြစ် ရယ်တတ်သည်။ ရယ်စရာကောင်းမှ မဟုတ်။

'ဖြူကြာပွင့်လေ ... မောင်လေး မရှိတုန်းပဲ မနက် မမဆီ ရောက်လာသေးတယ်။ ကောင်မလေးက သူ့အဖေကို သိပ်အယုံအကြည်ရှိပုံ မရဘူးကွဲ့။ ဖေဖေလည်း လာကြည့်မှာပေါ့။ ဒါပေမဲ့ ဆရာတော် တစ်ပါးပါးကို မသိအောင် ခေါ်ပြီး ဆုတောင်းပေးဖို့လည်း လုပ်ပါလို့ အကြံပေးသွားတယ်။ သိပ်စွမ်းတဲ့ ဆရာတော်တစ်ပါး မြို့ထဲမှာ ရှိတယ် ကြားတယ်။ မင်းများ သိသလား။ ဒါထက် ကောင်မလေး သူ့ပိုးထီးလေး မေ့ကျန်သွားတယ်။ မနက်ဖြန်တော့ သွားပေးလိုက်ဦး'

mgyoe.com

mgyoe.com SAMPLE BOOK

သူမသည် ခဏနားပြီးမှ 'တကယ်တော့လည်းကွယ် ... ကုန်ဆုံးဖို့ အချိန်ကျပြီဆိုတော့လည်း ဆရာဝန်လည်း တတ်နိုင်မှာ မဟုတ်ဘူး။ ရဟန္တာရှင်မြတ်လည်း ကယ်နိုင်မှာ မဟုတ်ပါဘူး မောင်လေးရယ်'

စန်းငွေလှိုင်က 'မမ ... ညည ဘာဖြစ်လို့ မအိပ်တာလဲ'ဟု စကားပြောင်းလိုက်သည်။

'မသိပါဘူးကွယ် ... အိပ်လို့ မရတာ။ နိုးနေပြီး ဟိုစဉ်းစား ဒီစဉ်းစားနဲ့ ကြောင်နေတာပါပဲ'

'မမက ဘာတွေများ စဉ်းစားနေရတာလဲ'

'ကလေးတွေအကြောင်း ... မင်းအကြောင်းလည်း ပါတာပဲ။ နောက် မမရဲ့ ဘဝ။ မောင်လေးရယ် ... မမဘဝက အတွေ့အကြုံတွေ အများကြီးကိုပါပဲဟယ်။ ဟော ... ကြီးပြင်းလာပြန်တော့လည်း ...'ဟု သူမသည် ရယ်လိုက်ပြန်သည်။

'မမ ... ကလေးငါးယောက် မွေးခဲ့ရတယ်။ သုံးယောက်ကို မြေမြှုပ်ခဲ့ရတယ်။ တစ်ခါတလေ ကလေးမွေးခါနီး ဗိုက်နာနေတုန်းများ မမယောကျ်ား ကိုကိုမြတ်အေးကကော တခြားမိန်းမတစ်ယောက်နဲ့ ကြည်နေတာ မဟုတ်လား။ ဆရာမများ ခေါ်ပေးဖို့ လူတောင် အနားမှာ မရှိဘူး ... သိလား။ မမကိုယ်တိုင် ခန်းမကြီးထဲ ဒါမှမဟုတ် မီးဖိုချောင်သွားပြီး အစေအပါး တစ်ယောက်ယောက် လိုက်ရှာရတာလေ။ အဲဒီမှာက ရေဝတီတွေ၊ ဆိုင်ရှင်တွေ၊ ချစ်တီးတွေ။ ကိုကို အိမ်ပြန်အလာကို စောင့်နေကြတာပဲ တွေ့မှာ။ အကြွေးရှင်တွေလေ။ သူ မမကို မချစ်ပါဘူး။ ပါးစပ်ကတော့ မပြောဘူးပေါ့ မောင်လေးရယ်။ ခုတော့လည်း စိတ်ထဲမှာ ဘာမှ မဖြစ်တော့ပါဘူး။ စိတ်လည်း မထိခိုက်တော့ပါဘူး။ ငယ်ငယ်တုန်းကတော့ သိပ်စိတ်ဆင်းရဲရတာပဲ။ တစ်ခါက မိန်းမတစ်ယောက်နဲ့ ပန်းခြံထဲမှာ တွေ့လိုက်ရတယ်။ တောအိမ်ကလေးမှာ နေကြတုန်းကပေါ့။ မမလည်း တစ်ခါတည်း လှည့်ထွက်လာခဲ့ရတာ။ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းတောင် မသိဘူး။ သတိရတော့ ဘုရားရှိခိုးကျောင်း တံခါးဝရောက်နေပြီ။ ဒူးထောက်လိုက်ပြီး ကိုယ်တော်အရှင် ... လို့ တိုင်တည်လိုက်ပါတယ်။ တော်တော်တောင် မှောင်နေပြီလေ။ လကလည်း သာ

mgyoe.com

mgyoe.com SAMPLE BOOK

လိုက်တာ'

သူမသည် အသက်ရှုရန် နားလိုက်သည်။ ထို့နောက် နည်းနည်း နားပြီး သူ့မောင်၏လက်ကို ဆုပ်ထားသည်။

'မောင်လေး ... မင်းက မမအပေါ် သိပ်ကြင်နာတရား ရှိတယ်။ လိမ်လည်း လိမ္မာ ... ကောင်းလည်း ကောင်းပါတယ်'ဟု သူမက အသံ အနိမ့်အမြင့် မပါဘဲ ပြောလိုက်သည်။

စန်းငွေလှိုင်သည် သန်းခေါင်ယံ၌ ဖြူကြာပွင့်၏ ပိုးထီးကလေးကို ယူကာ သူ့မမအခန်းက ထွက်ခဲ့ပေသည်။ ညဥ့်နက်လွန်နေပြီ ဖြစ်သော်လည်း ထမင်းစားခန်းထဲ၌ လက်ဖက်ရည်သောက်နေကြသော အိမ်စေများကို တွေ့ရသည်။ အိမ်ကြီးမှာ စည်းကမ်းမရှိဟု သူက တွေးလိုက်သည်။ ကလေးများပင် နိုးနေလျက်၊ ထမင်းစားခန်းထဲ၌ပင် ရှိနေသည်။ သူတို့သည် အသံကို နှိမ့်ကာ စိတ်ညစ်သောလေသံဖြင့် စကားပြောနေကြသည်။ ထွန်းညှိထားသော မီးအိမ်သည် မှိတ်တုတ်ဖြစ်ကာ မကြာမီ ငြိမ်းတော့မည်ကိုပင် သတိမပြုမိကြတော့။ လူကြီးရော ကလေးများပါ မကြာမီက မြင်တွေ့ခဲ့ရသော၊ နိမိတ်မကောင်းသော အခြင်းအရာများကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေကြပေသည်။ ခန်းမဆောင်ကြီးထဲက မှန်ကြေးမုံကြီးသည် အက်ကွဲသွားသည်။ လက်ဖက်ရည်ကရားသည် နေ့စဉ်ပင် လေချွန်လျက် ရှိသည်။ အငြိုးထားသကဲ့သို့ ယနေ့တိုင်ပင် လေချွန်သံပြုကာ မြည်ကျူးလျက် ရှိနေသေးသည်။ ခင်မေဆက်လှိုင်သည် ဖိနပ်စီးမည်ဟု ခြေထည့်လိုက်တော့ သူမ၏ဖိနပ်ထဲက ကြွက်တစ်ကောင် ခုန်ထွက်လာသည်ဟုလည်း ပြောနေကြသည်။ ကလေးများသည်ပင်လျှင် ကြောက်စရာကောင်းသော ဤအတိတ်နိမိတ်များကို သိနေကြပေသည်။ ဆံပင်နက်နက်၊ ပိန်ပိန် အကြီးမ ခင်ပိတောက်သည် စားပွဲတွင် မလှုပ်မယှက် ငုတ်တုတ်ထိုင်လျက် ကြောက်နေ၊ စိတ်မချမ်းသာနေကာ နည်းနည်း ဖောင်းဖောင်း၊ ဆံပင်လုလု အသက် ၇ နှစ် ခင်ကံ့ကော်မှာ သူ့အစ်မဘေး၌ မတ်တတ်ရပ်ပြီး မီးလျှံကို မျက်မှောင်ကြုတ် ကြည့်နေပေသည်။

စန်းငွေလှိုင်သည် အောက်ဆုံးထပ်ရှိ သူ၏အခန်းသို့ သွားသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ကျဉ်းကျဉ်းကျပ်ကျပ် မျက်နှာကြက်နိမ့်နိမ့်။ စကားပန်းရနံ့ နံ့သည်။ ခင်မေဆက်လှိုင်၏ယောကျ်ား ဧည့်ခန်းထဲ၌ သတင်းစာဖတ်နေသည်ကို တွေ့ရလေသည်။ စန်းငွေလှိုင်က သူ့ကို ခေါင်းညိတ်ပြကာ သူနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။ ဘယ်သူမှ စကားမပြောကြ။ သူတို့နှစ်ယောက်သည် ဤသို့ပင် စကားတစ်ခွန်းမျှ မပြောကြဘဲ တစ်ညလုံးနေနိုင်ကြပေသည်။

သမီးများသည် ဆင်းလာကာ အိပ်ခါနီး နှုတ်ဆက်သည်။ ဦးမြတ်အေးက လေးဆေးစွာပင် စကားတစ်လုံးမှ မဟဘဲ သူ့နဖူးကို နမ်းရန်ခွင့်ပြုလိုက်သည်။ ကလေးများသည် ဒူးကို ညွတ်ကြပြီးနောက် သူ့ဦးလေးထံ သွားပြန်သည်။ သူ့ဦးလေးကလည်း နဖူးကို နမ်းစေလိုက်သည်။ ထိုအခမ်းအနားကား ညတိုင်း ကျင်းပနေကျ။

ကလေးများ ပြန်တက်သွားကြသောအခါ ဦးမြတ်အေးက သတင်းစာကို ဘေးချလိုက်ကာ ပြောသည်။

'ဒီမြို့မှာ နေရတာ သိပ်ပျင်းစရာကောင်းတာပဲဗျာ။ တကယ့်ကို ပြောတာ'ဟု သူက သက်ပြင်းတစ်ချက် ချကာ ...

'ခင်ဗျားကတော့ ဒီမှာ ပျော်စရာ တွေ့နေတာ သိပ်ဝမ်းသာမိတာပဲ'

'ဘာကို ပြောတာလဲဗျာ'ဟု စန်းငွေလှိုင်က မေးသည်။

'မနေ့က ဒေါက်တာသီဟ အိမ်က ထွက်လာတာ ကျွန်တော် မြင်ပါတယ်ဗျာ။ အဖေကို တွေ့ချင်လို့ သွားတာတော့ မဟုတ်ပါဘူးနော် ... ဟုတ်ရဲ့လား'

စန်းငွေလှိုင်က မျက်နှာနီကာ 'မဟုတ်တော့လား'

'ဒါ သဘာဝကျပါတယ်ဗျ။ ဘယ့်နှယ်ဗျာ ... ကောင်မလေး အဖေကြီးက ကြောက်စရာ ဘဲနာကြီးဗျ။ ပစ္စန္တရစ်ပဲ။ ဘာမှလည်း မတတ်၊ အမူအရာကလည်း ကလန်ကလား၊ ပစ္စုဒ္ဓေရပဲ။ မြို့တော်က လာတဲ့ လူတွေကတော့ တောမြို့ကလေးရဲ့ ပန်းချီဆန်တာ၊ သာယာလှပတာသာ မြင်ကြတာ။ လှပတဲ့ ရှုမျှော်ခင်းတို့၊ ဘာတို့။ ကျွန်တော် ပြောမယ်။ တကယ်က ပန်းချီဆန်တာ၊ လှပတာ ဘာမှရှိတာ မဟုတ်ဘူးဗျ။ ရိုင်းစိုင်းတယ်၊ အောက်တန်းကျတယ်၊ ညစ်ပတ်ပေရေတယ်၊ ဘာမှ ရှိတာ

mgyoe.com

mgyoe.com SAMPLE BOOK

မဟုတ်ဘူး။ ကျွန်တော်တို့ရဲ့ ပညာရှင်အသိုင်းအဝိုင်း၊ ကျွန်တော်တို့ရဲ့ ထွန်းပတဲ့ ကြယ်တွေ၊ လတွေကို ကြည့်ပါဦး။ ဒီမြို့မှာ ဆရာဝန် နှစ်ယောက်ပဲ ရှိတယ်။ ကောင်းကောင်း စီးပွားဖြစ်ကြတယ်။ ကိုယ်ပိုင်အိမ်တွေနဲ့ချည်း။ ဒါပေမဲ့ လူထုကတော့ အရင်ကလိုပဲ အားကိုးစရာ မရှိဘူး။ လှိုင့်ကို ခွဲစိတ်ဖို့တုန်းကလည်း ခွဲစိတ်ဆရာက အလွယ်ကလေးပါ။ ရတနာပုံမြို့တော်က ခွဲစိတ်ဆရာဝန်ကို ခေါ်ရတယ်ဗျာ။ ဒီမှာ ခွဲစိတ်ဆရာဝန် တစ်ကောင်တစ်မြီးမှ မရှိဘူးတဲ့။ စဉ်းစားပဲ ကြည့်စမ်းပါဦးတော့။ သူတို့ ဘာမှလည်း မသိဘူး။ ဘာမှလည်း နားမလည်ဘူး။ ဘယ်ဟာမှလည်း စိတ်ဝင်စားတာ မရှိဘူးဗျာ။ သူတို့ကို မေးကြည့်စမ်းပါ။ အနာပဆုပ်ရောဂါဆိုတာ ဘာလဲ၊ ဘာဖြစ်လို့ ဖြစ်တာလဲလို့'

ဦးမြတ်အေးသည် အနာပဆုပ်ရောဂါအကြောင်း ရှင်းပြနေသည်။ သူသည် သိပ္ပံဘာသာရပ်များ၌ ကျွမ်းကျင်နှံ့စပ်သူ ပါရဂူတစ်ယောက်ဖြစ်သည်။ သူသည် သိပ္ပံနိဿယကို ရှင်းပြတတ်သည်။ သွေးလှည့်ပတ်မှု သဘောတရား၌ သူ့သဘောတရားနှင့် သူ ရှိသည်။ ဓာတုဗေဒနှင့် နက္ခတ္တဗေဒ ပညာများ၌လည်း ယင်းအတူ။ သူ့ဘာသာ သဘောတရားထုတ်သည်။ သူသည် ဖြည်းညင်းစွာ၊ လူတစ်ဖက်သား သဘောပေါက်အောင် ညင်သာချောမွေ့စွာ၊ မျက်စိတစ်ဖက် မှိတ်လျက် ရှင်းလင်း ပြောကြားနေပေသည်။ 'စဉ်းစားကြည့်စမ်းပါဗျာ'ဟု ပန်းလျှသော သက်ပြင်းနှင့် ချိုသာသော အပြုံးကြား တိုးတိုးပြောလျက် ရှိနေသည်။ သူသည် လန်းဆန်း ချစ်မက်ဖွယ်ကောင်းနေကာ အသက်ငါးဆယ်အရွယ်ကိုပင် လုံးဝ သတိမထားမိဟန်ဖြင့် ...

'ဆာလိုက်တာဗျာ။ တစ်ခုခု ချဉ်တင်တင်လေး စားရအောင်ဗျာ။ သစ်သီးချဉ်လိုဟာမျိုး ...'ဟု။

စန်းငွေလှိုင်က 'ကောင်းသားပဲ။ ရပါတယ်'

အတန်ကြာသောအခါ စန်းငွေလှိုင်နှင့် သူ၏ယောက်ဖတို့သည် အပေါ်ထပ် ထမင်းစားပွဲ၌ ထိုင်ကာ ညဉ့်နက်စာ စားလျက် ရှိကြပေသည်။ စန်းငွေလှိုင်က ပထမ ယစ်ရွှေရည်တစ်ခွက်ချပြီး နာနတ် အရက်ချိုဖြင့် ရောလိုက်သည်။ ဦးမြတ်အေးကား ဘာမှမသောက်။ သူသည် အရက်

mgyoe.com

mgyoe.com SAMPLE BOOK

လည်း မသောက်၊ ဖဲလည်း မကစား။ သို့သော် သူနှင့် သူ့ဇနီး ငွေကြေးကိုတော့ ကောင်းစွာ သုံးဖြုန်းတတ်ပေသည်။ ထိုအခါ ကြွေးများ ဝိုင်းလျက် ရှိနေသည်။ သည်လောက် များသည့် ငွေကြေးကို သည်လောက် အချိန်အနည်းငယ်အတွင်း ကုန်အောင် ဖြုန်းတီးပစ်တတ်သော အရည်အချင်းဟူသော ထူးခြားသော ပညာရပ်ကိုကား မကောင်းမှုဟု ပြောရ အခက်သား။ ဦးမြတ်အေးမှာ အကောင်းကြိုက်သော အားနည်းချက် ရှိသည်။ လုပတင့်ဆန်းစွာ တည်ခင်းထားသော အစားကောင်း၊ ညစာစားပွဲက တေးဂီတ၊ မိန့်ခွန်းခြွေခြင်း၊ ခေါင်းညိတ် အရိုအသေပြုသော စားပွဲထိုးများကို တစ်ဆယ်၊ တစ်ခါတစ်ရံ အစိတ် ဆုပေးခြင်း။ သူသည် အမျိုးမျိုးသော အလှူငွေများ၊ ကံစမ်းမဲများကို ရက်ရောစွာ ထည့်ပစ်သည်။ အမျိုးသမီး မိတ်ဆွေများထံသို့ သူမတို့၏ မွေးနေ့၌ ပန်းစည်း ပို့ပေးသည်။ ဖန်ပဒေသာ ထည့်စရာများ၊ အင်္ကျီလက်ကြယ်စေ့၊ လည်စည်းပဝါ၊ ကြိမ်တုတ်၊ ရေမွှေး စီးကရက်သေတ္တာ၊ ဆေးတံ၊ ခွေး၊ ကြက်တူရွေး၊ ဂျပန် တိုလီမိုလီပစ္စည်း၊ ရှေးဟောင်းအနုပညာပစ္စည်း စသည်များကို အမြဲတမ်း ဝယ်မြဲ။ ပိုးဖဲ၊ ညဝတ်အင်္ကျီကိုသာ ဝတ်သည်။ သူ၏ခုတင်မှာ သစ်ကနက်သားပေါ်တွင် ကနုကမာပန်းကွက် မြုပ်ထားသည်။ ရေချိုးပြီးဝတ်သော အင်္ကျီမှာ အမရပူရဖြစ် ချိတ်အမျိုးအစစ်။ သည်အသုံးအဆောင်များအတွက် သူ့စကားနှင့် ပြန်ဆိုရလျှင် 'ငွေအိုး'ထမ်း၍ ကုန်ကျသည်။

ညဥ့်နက်စာကို စားနေစဥ်မှာပင် သူသည် သက်ပြင်းချကာ ခေါင်းယမ်းလျက် ရှိသည်။ သူသည် သူ၏မျက်လုံးနက်များကို မှေးတွေးကာ တိုးညင်းသော အသံဖြင့် 'ဟုတ်တယ်ဗျ။ အပြီးသတ်ကျတော့လည်း အရာအားလုံးဟာ အဆုံးရောက်ရတာပါပဲဗျာ။ ပထမ ချစ်တယ်။ နောက် ခံစားရမယ်။ နောက်ပြီးတော့တစ်ခါ အချစ်ပြယ်သွားမယ်။ ကောင်မလေးက ခင်ဗျားအပေါ် သစ္စာမရှိတော့ဘူး။ ဒါ အမျိုးသမီးတိုင်းရဲ့ သဘောဗျ။ အနေးနဲ့ အမြန်ပဲ။ ခင်ဗျား ခံစားရမယ်။ နောက် စိတ်ပျက်ရမယ်။ မျှော်လင့်ချက် မရှိတော့ဘူး။ နောက်ဆုံးကျတော့ ခင်ဗျားကိုယ်တိုင်လည်း သူ့အပေါ် သစ္စာမရှိပြန်တော့ဘူးဗျာ။ အဲဒီအချိန်တစ်ချိန် ရောက်လာမယ်။ ဒီအချိန်ကျရင် ဘာမှ ဟုတ်တာ မဟုတ်တော့ဘူး၊ သတိရစရာ

mgyoe.com

mgyoe.com SAMPLE BOOK

အဖြစ်ပဲ ကျန်ရစ်တော့မယ်။ ဒီဇာတ်လမ်းတွေကို ခင်ဗျားက အေးအေး စက်စက်ပဲ ပြောပြီး အလကား ကိစ္စတွေပါလို့ ထင်လာရောဗျာ'

စန်းငွေလှိုင်မှာ အနည်းငယ် မူးယစ်ရီဝေလာပြီး ပန်းလျလာကာ ဦးမြတ်အေး၏ ပုံပန်းကျသော၊ ကျကျနန ညှပ်ထားသော မုတ်ဆိတ်မွေး အနက်နှင့် ခေါင်းပုံသဏ္ဍာန်ကို ကြည့်ကာ ချောမောသော၊ ကြော့ကြော့ ဆင်သ,တတ်သော၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချသော သူ့ကို ဘာ ကြောင့် အမျိုးသမီးများက နှစ်သက်စွဲလမ်းကြသည်ကို နားလည်၍ လာ လေသည်။

ညဥ့်နက်စာ စားပြီးလျှင် ဦးမြတ်အေးသည် ဤအိမ်မှာ မအိပ်ဘဲ သူ၏ အခြားသောအိမ်သို့ ပြန်သွားသည်။ လမ်းခုလတ်အထိ စန်းငွေ လှိုင်က လိုက်ပို့သည်။ ဤမြို့၌ ဦးမြတ်အေး တစ်ယောက်သာ စိန်ကတ္တီပါ ကက်ဦးထုပ်ကို တစောင်း ဆောင်းသူ။ ခြောက်သွေ့သော အပြာရောင် ခြံစည်းရိုးများ၊ သစ်သားအိမ်များ၊ ဆူးရစ်နွယ်ချုံပုတ်များ အလယ်၌ အဝတ်အစား ဂရုစိုက်သော၊ အလှကြိုက်သော ပုံပန်း၊ စိန်ကတ္တီပါ ကက် ဦးထုပ်နှင့် ငုဝါရောင် လက်အိတ်တို့သည် ထူးဆန်းကာ သနားစရာ ဖြစ် နေပေတော့သည်။

စန်းငွေလှိုင်သည် သူ့ကို နှုတ်ဆက်ကာ အိမ်သို့ ဖြည်းညင်းစွာ လမ်းလျှောက်ပြန်ခဲ့ပေသည်။ လဝန်းမှာ ရွှန်းရွှန်းမြမြ ဝင်းပပ သာလျက် ရှိပေရာ မြက်ပင်တိုင်း၏ အသွားကိုပင် ကောင်းစွာ မြင်နိုင်ပေသည်။ စန်းငွေလှိုင်ကို လရောင်က သူ၏ ထိပ်ပြောင်ခေါင်းအား ကြက်မွေးနုဖြင့် ယုယစွာ ဆီသုတ်ပေးနေသည်ဟု ခံစားနေပေသည်။

ငါ သူ့ကို ချစ်နေပြီကောဟု သူသည် ကျယ်လောင်စွာ ပြောလိုက် လေသည်။ သူသည် ဦးမြတ်အေးထံ အမီလိုက်ကာ သူ့ကို ဖက်လိုက်ပြီး သူ့အမှားများကို ခွင့်လွှတ်၊ ငွေများများ ပေးလိုက်ချင်သည်။ ထို့နောက် သူလည်း လယ်ကွင်းထဲ သို့မဟုတ် တောထဲ ထွက်ပြေးလိုက်ချင်သည်။ နောက်ကို ပြန်မကြည့်ပဲ။

အိမ်ပြန်ရောက်သောအခါ ဖြူကြာပွင့် ကျန်ရစ်ခဲ့သော ပိုးထီး ကလေးမှာ ကုလားထိုင်ပေါ်၌ ရှိနေသည်ကို မြင်လိုက်ရသည်။ သူသည်

mgyoe.com

mgyoe.com SAMPLE BOOK

ပိုးထီးကလေးကို ကောက်ယူတဲ့ကာ ပါး၌ ကပ်ထားလိုက်သည်။ ပိုးထီးကလေး။ အသစ်တော့ မဟုတ်။ အပြာနုခံပေါ်တွင် ငုဝါပွင့်များ ဆုပ်ကြဲထားသည့် အဆင်။ လက်ကိုင်အရိုးက ဆင်စွယ်။ တကယ့်ဆင်စွယ်ကား မဟုတ်။ အရိုးဖြင့် လုပ်ထားသော အပေါစား။ စန်းငွေလှိုင်သည် မီးကို ဖွင့်ကာ ဆောင်းကြည့်သည်။ ပျော့်ရွှင်ခြင်းရနံ့ကို ခံစားရသည်။

သူသည် ကုလားထိုင်တွင် သက်သောင့်သက်သာ ထိုင်ချလိုက်ကာ ပိုးထီးကလေးကို ဆုပ်ကိုင်ထားရင်း ရတနာပုံမြို့တော်ရှိ သူ၏ မိတ်ဆွေတစ်ယောက်ထံသို့ စာရေးနေပေသည်။

ငါ့ရဲ့ ချစ်လှစွာသော မှိုင်းဝေရေ ...။ မင်းအတွက် သတင်းပေးပို့စရာ ရှိတယ်။ ငါ အခု ချစ်မိနေပြန်ပြီကွ ... သိလား။ ‘ပြန်ပြီ’လို့ပဲ ပြောရမယ်။ ဘာဖြစ်လို့လဲဆိုတော့ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က ငါ ရတနာပုံမြို့တော်က ကချေသည် တစ်ဦးကို ချစ်မိတယ်လေ။ သူနဲ့ တွေ့တောင် မတွေ့လိုက်ရဘူး။ တွေ့ဖို့ ကြိုးစားတာကို မအောင်မြင်ဘူးလေကွာ။ အရင်နှစ်ကလည်း ငါ အမျိုးသမီးတစ်ယောက်နဲ့ အတူနေခဲ့တယ်လေ။ ဒီအမျိုးသမီးကို မင်း သိပါတယ်။ သိပ်မငယ်၊ လှလည်း မလှ။ အေး ... ငါ့မှာ အချစ်ဘက်မှာ ဘယ်လောက် ကံဆိုးသလဲ သူငယ်ချင်းရယ်။ ငါ့မှာ အမျိုးသမီးနဲ့ ပတ်သက်ရင် ဘယ်တော့မှ မအောင်မြင်ခဲ့ဘူး။ ‘ပြန်ပြီ’လို့ ပြောရတာ။ ထပ်ဆိုရရင်ကွာ၊ ဒါ ပြောရတာ နာကျင်တယ်။ ငါ့ရဲ့ ငယ်ရွယ်တဲ့ လူပျိုဘဝဟာ အချစ်မရှိဘဲ ကုန်ဆုံးသွားခဲ့ရတယ် ဆိုတာကို ငါ့ကိုယ်ငါ ဝန်ခံရလိမ့်မယ်။ ငါ အခု အသက်သုံးဆယ့်လေးနှစ်ကျကာမှ ငါ အချစ်ဆိုတာကို တကယ် သင်ကြား နားလည်ပြီ ဆိုတာပဲ ...။ ‘ပြန်ပြီ’ဆိုတာ ဒါပဲလေ။

မင်း ဒီကောင်မလေးများ သိရင် ကောင်းမှာ။ သူ့ကို အလှ ကေရီလို့တော့ မခေါ်နိုင်ဘူးကွ။ ပါးရိုးက ပေါ်လွင်ထင်ရှား နေတယ်။ သိပ်ပြီး ပိန်တယ်။ ဒါပေမဲ့ သူ့မျက်နှာက ကြင်နာ

mgyoe.com

mgyoe.com SAMPLE BOOK

ချစ်ခင်တဲ့ အမူအရာ ရှိတယ်။ သူ့အပြုံးက အံ့ချီးဖွယ်ရာပဲဟော့။ အံ့ဩကုန်နိုင်ဖွယ်ပေါ့ကွာ။ သူ့အသံက တေးတစ်ပုဒ်။ ငါ့ကိုတော့ စကား သိပ်မပြောဘူးကွ။ ဒါပေမဲ့ ငါ သူ့အနားမှာ ရှိနေရင် သိပ်ကို ဉာဏ်ပညာရှိပြီး မြင့်မားတဲ့၊ ထူးခြားတဲ့၊ ရှားပါးတဲ့ တန်ဖိုးရှိတဲ့ ပုဂ္ဂိုလ်ရှေ့မှာ ရှိနေသလို ခံစားရတယ်လေ။ ကောင်မလေးက ဘာသာရေးတော့ သိပ်ကိုင်းရှိုင်းတယ်။ ငါ့မျက်စိထဲမှာတော့ ငါ့စိတ်ကို ဘယ်လောက် လှုပ်ရှား ထိခိုက်စေတယ်၊ မြင့်မြတ်စေတယ် ဆိုတာ မင်း တွေးမိမှာ မဟုတ်ပါဘူး။ ဒီပုစ္ဆာမှာတော့ မင်းနဲ့ ငါ အစအဆုံးမရှိ ငြင်းခုံရဦးမှာပဲဟော့။ မင်းဘက်က မှန်တယ် ထား။ မင်းအဖြေနဲ့ မင်း ခေါက်ထားလိုက်။ ဒါပေမဲ့ သူ ဘုရားရှိခိုးကျောင်းမှာ ဝတ်ပြုနေတာကိုတော့ ငါ ချစ်တယ်ကွာ။ ဘာဖြစ်သေးလဲ။ သူက တောမြို့သူ။ ဒါပေမဲ့ ရတနာပုံမြို့တော်မှာ ပညာသင်တာ။ သူ ငါတို့ရွှေမန်းကို ချစ်တယ်။ ရွှေမန်းဟန်၊ ရွှေမန်း ဆင်ယင်ဝတ်စားမှုကို ကြိုက်တယ်။ ဒါအတွက်ကြောင့်လည်း သူ့ကို ငါ ချစ်တယ်။ သူ့ကို ချစ်တယ်၊ ချစ်တယ်။ မင်းကတော့ မျက်မှောင်ကြီးကြုတ်ကာ မတ်တတ်ရပ်တဲ့ပြီး မိန့်ခွန်းရှည်ကြီး မြွက်ကြားမယ်။ အချစ်ဆိုသည်ကား အဘယ်နည်း။ ဘယ်သူ့ကို ချစ်၊ ဘယ်သူ့ကိုတော့ မချစ်ထိုက်၊ ဘာညာနဲ့ပေါ့။ အဲဒါကို မြင်ယောင်နေပါသေးတယ်။ ဒီမယ် ... ချစ်စွာသော မှိုင်းဝေရေ ...။ ငါကိုယ်တိုင် ချစ်မိတယ်ဆိုရင်တော့ ငါလည်း အချစ်ဆိုတာကို တကယ် တိတိကျကျ နားလည်ပြီပေါ့ကွ။

ငါ့မမက မင်း သတိရကြောင်း ပြောတာ ကျေးဇူးတင်ပါတယ်တဲ့။ မမက ခဏခဏ သတိရနေတယ်။ မှိုင်းဝေယ်ကလေးကို မူလတန်းကျောင်းကို ခေါ်သွားတာ။ အဲဒီတုန်းကလည်း မင်းက မိဘမဲ့ ကလေးငယ်ကလေးပဲကိုး။ ကဲ ... မှိုင်းဝေယ်ရေ ... ငါတော့ ချစ်မိနေပြီ။ အခုထိတော့ လျှို့ဝှက်ချက်ပဲ။ ဒီတော့ ဟိုအမျိုးသမီးကို ဘာမှ မင်း မပြောနေနဲ့ဦးကွာ။ ကျေးဇူး

mgyoe.com

mgyoe.com SAMPLE BOOK

ပြုပြီးတော့ ဒီပြဿနာကလည်း ကျေနပ်စွာ ဖြေရှင်း ပြီးစီးမှာ ပဲလို့ ငါ ယုံကြည်တယ်။ စံပယ်ပင် ဦးလတ် ဝတ္ထုထဲကလို အရာရာဟာ သူ့ဟာသူ ဟုတ်သွားမှာပါပဲကွာ။

စာဆုံးသွားသောအခါ စန်းငွေလှိုင် အိပ်ရာဝင်လေသည်။ သူ၏ မျက်ခွံတို့မှာ ပင်ပန်းနွမ်းနယ်ခြင်းကြောင့် လေးကျနေသည်။ သို့သော် အကြောင်း တစ်စုံတစ်ရာကြောင့် အိပ်၍ကား မပျော်။ သူကတော့ လမ်း ပေါ်က အသံဗလံများကြောင့် နိုးနေသည်ဟု ထင်မှတ်သည်။ နွားတစ်အုပ် သူ့အိမ်ရှေ့က ဖြတ်သန်းသွားပြီး ကျွဲချိုမှုတ်သံ ကြားရသည်။ ထို့နောက် သုစမ္မာ ဘုရားရှိခိုးကျောင်းက အရဏ်တက် ခေါင်းလောင်းထိုးသံ၊ ကြေး စည် ထုသံများ ပေါ်လာသည်။ ထို့နောက် နွားလှည်းတစ်စီးအသံ ဆူညံ လေးတွဲ့စွာ မောင်းလာသံ ကြားရပြီး တောသူမတို့ ဈေးသို့သွားသံ ကြား ရပေသည်။ စာကလေးများသည် မဆုံးနိုင်အောင် တကျည်ကျည် မြည် နေပေသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## ၂။

ဝင်းပ၍ ပျော်ရွှင်လန်းဆန်းသော နံနက်။ ဆယ်နာရီ၌ ခင်မေ ဆက်လှိုင်သည် ဆံပင်ကို သေသပ်စွာ ထုံးဖွဲ့၊ အညိုရောင်အင်္ကျီ ဆင်ယင်ကာ ဧည့်ခန်းထဲသို့ သွားလေသည်။ အခန်းထဲ၌ နည်းနည်း လမ်းလျှောက်ကာ ပြတင်းပေါက်နား၌ မတ်တတ်ရပ်ပြီး ကလေးဆန်ဆန် ကျယ်ပြန့်စွာ ပြုံးလိုက်သည်။ သူမ၏အမူအရာကို ကြည့်ပြီး ပန်းချီဆရာက ပြော၏။ သူမ၏မျက်နှာမှာ ဘုရားတန်ဆောင်းထဲက ရုပ်ပုံတော်နှင့် တူသည်ဆိုပဲ။ ဘုရားကားများ ရေးလျှင် သူ့ကို ကြည့်ရေးရမည် ဖြစ်သည်။ ထိုနံနက်ခင်း၌ လူတိုင်း၊ ကလေးများ၊ အစေအပါးများ၊ သူ့မောင် စန်းငွေလှိုင်၊ သူမကိုယ်တိုင်ပင်လျှင် ကျန်းမာလာတော့မည်ဟု မှတ်ရပေသည်။ ကလေးမကလေးများသည် ရူးရူးရှရှ အသံဖြင့် ရယ်မောကာ သူတို့ဦးလေးနောက်သို့ ပြေးလိုက်ကာ မြူးနေကြသည်။ အိမ်ကြီးမှာပင် အသက်ဝင် လှုပ်ရှားလျက် ရှိပေသည်။

လူများသည် သူမထံ လာကာ လူမမာမေးကြသည်။ မုန့်ဖြူ၊ မုန့်

mgyoe.com

mgyoe.com SAMPLE BOOK

နီများ၊ ဆန်ပန်းပေါက်ပေါက်များ ယူလာပေးကာ မြို့ထဲရှိ ဘုရားကျောင်းတိုင်းလိုလိုတွင် သူမအတွက် တမြန်နေ့က ဆုတောင်းပွဲများ လုပ်ပေးကြောင်း ပြောကြသည်။ ခင်မေဆက်လှိုင်မှာ အလှူအတန်း၌ ရက်ရောသူဖြစ်လေရာ သူတို့က ချစ်ကြပေသည်။ သူ့မောင် စန်းငွေလှိုင်ကဲ့သို့ပင် ခင်မေဆက်လှိုင်မှာ အလှူဒါန၌ လက်လွယ်သူ ဖြစ်သည်။ စန်းငွေလှိုင်မှာ ပေးသင့်၊ မပေးသင့် စဉ်းစားမနေဘဲ လွယ်လွယ်ပေးတတ်သူ။ ခင်မေဆက်လှိုင်သည် ချို့တဲ့နေသူ သုခမိန်များကို ပညာသင်စရိတ် ထောက်ပံ့မြဲ။ အမယ်အိုများကို လက်ဖက်ခြောက်၊ သကြား၊ ယိုများ ပေးကမ်းတတ်ပြီး မပြည့်စုံသော သတို့သမီးများကိုလည်း ကူညီမြဲ။ သတင်းစာ ရောက်လာလျှင် ပထမဆုံး လှန်ကြည့်တတ်သည်ကား အတိ ဒုက္ခရောက်နေသူများက အကူအညီတောင်းခံသော ကြေညာစာများပင်။

ယခု သူမ လက်ထဲတွင် ကိုင်ထားသည်ကား စားစရာများ အကြွေးနှင့် ဝယ်ယူပြီး ကုန်စုံဆိုင်ကလေးက ပို့လိုက်သော ဖြတ်ပိုင်းစာရွက်များကို ငွေလိုသူတစ်ဦးက ကပ်ပေးလိုက်သည့် စာရွက်များ ဖြစ်သည်။

'ကြည့်စမ်းပါဦး မောင်လေးရယ် ... ဘယ်လောက်များ ယူထားလိုက်သလဲလို့။ စဉ်းမှ မစဉ်းစားကြဘူးလားကွယ်'ဟု သူမ၏ လက်ရေးကိုပင် ဖတ်၍ မရတော့သလို 'စဉ်းစားကြည့်ပါဦး။ ရှစ်ဆယ့်နှစ်ကျပ်။ မမသာ မပေးရင်တော့ ...'

စန်းငွေလှိုင်က 'ကျွန်တော် ကနေ့ပဲ သူ့ဆီ ပို့လိုက်ပါ့မယ်'

ခင်မေဆက်လှိုင် စိတ်လှုပ်ရှားကာ 'မဟုတ်ဘူး မောင်လေး၊ မဟုတ်သေးဘူး။ မောင်လေး မပေးရပါဘူး။ မင်းနဲ့ မင်းအစ်ကို စန်းဖေလှိုင်ဆီက တစ်လ နှစ်ရာ့ငါးဆယ် လစဉ် ရနေတာ တော်လောက်ပါပြီကွယ်။ ဘုရားသခင် မင်းကို မေတ္တာထားတော်မူပါ'

'မမကလည်း ... ကျွန်တော် တစ်ယောက်တည်းကို တစ်လ နှစ်ထောင့်ငါးရာလောက် ကုန်နေတာပဲဟာ။ ကျွန်တော် ထပ်ပြောမယ် မမ။ မမကလည်း ကျွန်တော်နဲ့ အစ်ကိုစန်းဖေလှိုင် သုံးသလောက် သုံးခွင့်ရှိတာပဲ မဟုတ်လားလို့။ အဲဒါကို တစ်သက်လုံး မှတ်ထားစမ်းပါ မမရယ်။ မောင်နှမ သုံးယောက်တည်း ရှိတဲ့ဥစ္စာ။ သုံးပြားရှိရင် တစ်ပြား

mgyoe.com

mgyoe.com SAMPLE BOOK

မမ ပိုင်တာပဲဟာ ... မမကလည်း'

သို့သော် ခင်မေဆက်လှိုင်မှာ ကောင်းစွာ နားမလည်နိုင်။ သူမ၏ မျက်နှာအမူအရာမှာ ရှုပ်ထွေးသော သချ်ာပုစ္ဆာတစ်ပုဒ်ကို မတွက်တတ်သကဲ့သို့။ ဤကဲ့သို့ ငွေရေးကြေးရေး ကိစ္စရပ်များ၌ မဆုပ်နိုင်၊ မဖမ်းနိုင်သော မမကြောင့် စန်းငွေလှိုင်က အမြဲတမ်းပင် စိတ်မချမ်းမသာ ဖြစ်ရတတ်သည်။ သူကတော့ မမကို သံသယဖြစ်မိသည်။ မမမှာ အကြွေးတွေ ဝိုင်းဝိုင်းလည်နေပြီ။ ကြွေးထူတာ လူသိမှာ စိုးပြီး ခံစားနေရသည်ဟု။

ထိုအခိုက် အသက်ပြင်းပြင်း ရှုသံနှင့် ခြေသံများ လေ့ကားက ကြားလာရသည်။ ဒေါက်တာသီဟ။ ခါတိုင်းကဲ့သို့ပင် မသပ်မရပ်၊ ဖိုသီဖတ်သီ။

ဆရာဝန်က 'အင် ... အင် ... အင် ... အင် ...'ဟုလည်း ညည်းဆိုနေသည်။

စန်းငွေလှိုင်သည် သူ့ကို ရှောင်ရန် ထမင်းစားခန်းကို ဖြတ်ကျော်ကာ သူ့အခန်းသို့ ထွက်သွားသည်။ ဆရာဝန်ကြီးနှင့်ကား ဘယ်တော့မှ ရင်းနှီးနိုင်မှာ မဟုတ်။ အမြဲတမ်း လာသော ဧည့်သည်အဖြစ်။ ထို့အပြင် ဦးမြတ်အေး ခေါ်သလိုပင် ဘဲအိုကြီး၊ ပစ္စန္တရစ် ဘဲကြီးကိုလည်း သည်းမခံနိုင်။ ဒါကြောင့်လည်း ဖြူကြာပွင့်နှင့် အတွေ့နည်းတာ ဖြစ်မည်။ အဲဒီတော့ အဘိုးကြီးက အိမ်မှာ ရှိမှာ မဟုတ်တာက သေချာပြီ။ အခုနေ ဖြူကြာပွင့် ပိုးထီးလေး သွားပေးရရင် ...။ ကောင်မလေး အိမ်မှာ တစ်ယောက်တည်း ရှိမှာကတော့ ကျိန်းသေ။ ပျော်သွားသဖြင့် သူ၏ရင်ခုန်သံ မြန်လာသည်။ ကဲ ... ပြောနေလို့ မပြီး။ အမြန် ယွန်းမှ။

သူသည် ပိုးထီးလေးကို ကောက်ယူကာ သိမ့်ခနဲ အချစ်တောင်ပံခတ်ပြီး ပျံသန်းသွားတော့သည်။ အပြင်ဘက်တွင်ကား နေပူနေပေသည်။ နှစ်ပေါင်းများစွာကပင် ပြင်မည်ဟု ရည်ရွယ်ထားသော ဆရာဝန်၏ ဘေးဘက်ထုတ်ထားသော ယိုင်တိယိုင်တိုင်နဲ့ တွဲဖက်အဆောင် တန်းလျား သုံးခုက ကလေးများ (ကောင်ကလေးများ) သည် ဆရာဝန်၏ ကျယ်ဝန်းသော မြေကွက်ထဲရှိ မြက်ရိုင်း ချုံနွယ်ပိတ်ပေါင်းနှင့် ဆူးခရာပင်များ အလယ်၌ ဘောလုံးကန် ကစားနေကြသည်။ ရွှင်မြူးအော်ဟစ်

mgyoe.com

mgyoe.com SAMPLE BOOK

သံများဖြင့် စည်ကားလျက် ရှိနေပေသည်။ မြေကွက်ရှိ တစ်ထောင့်၊ ဝရန်တာအစွန်းတစ်ခု၌ ဖြူကြာပွင့်သည် ရပ်ကာ လက်နောက်ပစ်ပြီး ကစားနေကြသည်ကို ငေးကြည့်နေပေသည်။

စန်းငွေလှိုင်က 'ကောင်းသော နေ့ခင်းပါ'ဟု အသံပြု နှုတ်ဆက်လိုက်သည်။

ဖြူကြာပွင့်က သူ့ဘက်သို့ လှည့်လိုက်သည်။ သူမမှာ အခါတိုင်းတွေ့နေကျ အေးစက်စက်။ ဘာမှ စိတ်မဝင်စားသလို။ သို့မဟုတ် မနေ့တစ်နေ့ကလို ပင်ပန်းနွမ်းလျနေသလို မဟုတ်ဘဲ။ သည်တစ်ခါ သူမပတ်ဝန်းကျင်ရှိ ကောင်ကလေးများကဲ့သို့ပင် သက်ဝင်လှုပ်ရှားကာ သွေးရောင်ဖြင့် နီမြန်း လန်းဆန်းလျက် ရှိပေသည်။

ဖြူကြာပွင့်သည် သူ့ထံသို့ လျှောက်လာကာ 'ကြည့်စမ်းပါဦး ... အစ်ကို။ ရတနာပုံမှာ ဒီလို ပျော်စရာကောင်းတဲ့ ကစားပွဲမျိုး တွေ့ပါ့မလားဟင်။ ဒီက ကွင်းတွေကတော့ ကျဉ်းတာပေါ့။ မပြေးသာဘူး။ အဖေက ရှင့်အိမ် သွားပြီလေ'

'သိပါတယ်။ ကျွန်တော်က ဖြူကြာပွင့်ကို တွေ့ဖို့ လာတာပါ။ ဒေါက်တာ့ကို မဟုတ်ပါဘူး'ဟု စန်းငွေလှိုင်က သူမ၏ ယခု တွေ့ရှိရသော နုပျိုလတ်ဆတ်ခြင်းနှင့် ရွှေလည်ဆွဲကလေးနှင့် ဖြူသွယ်လှသောလည်တံကို အံ့သြငေးမောကာ 'ကျွန်တော် မဖြူကြာပွင့်ဆီ တမင် လာတာပါ'ဟု ထပ်ပြောလေသည်။

'ဖြူကြာပွင့်ရဲ့ ပိုးထီးကလေးလေ။ မမက ပို့ပေးပါဆိုလို့။ မနေ့က မေ့ကျန်ရစ်ခဲ့တာလေ'

သူမသည် ပိုးထီးကို ယူရန် လက်လှမ်းလိုက်သည်။ သို့သော် စန်းငွေလှိုင်က မပေးသေးဘဲ ပိုးထီးကို ရင်မှာ ပိုက်ထားသည်။

'ကျွန်တော် ဒါလေးကို သိမ်းထားပါရစေဗျာ ... နော်။ ကျေးဇူးပြုပြီး ...'ဟု သူက တပ်မက်စွာ စိတ်လိုက်မာန်ပါ။ မနေ့ညက ပိုးထီးကို ဖွင့်ဆောင်းသောအခါ ခံစားထိတွေ့ရသော၊ ဆန်းကြယ်သော ပျော်ရွှင်မှုကို စွန့်ခွာပြီး ပြောလိုက်သည်။

'ကျွန်တော်တို့ နှစ်ယောက်ရဲ့ မိတ်ဆွေဖြစ် အထိမ်းအမှတ်။ ဖြူ

mgyoe.com

mgyoe.com SAMPLE BOOK

ကြာပွင့်ကို သတိတရ မြတ်နိုးစွာနဲ့ ...'

ဖြူကြာပွင့်က ရှက်သွေးနီလျက် 'သိမ်းချင် သိမ်းထားနိုင်ပါတယ်။ ဒါပေမဲ့ ဒါက ဘာဆန်းတာမှတ်လို့ရှင် ...'

သူသည် စကားလုံးများပင် ပေါ်မလာဘဲ တိတ်ဆိတ်သော ပီတိဖြင့် သူမကို ငေးကြည့်လျက်။

အတန်ကြာ တိတ်ဆိတ် ငြိမ်သက်လျက်ရှိပြီးမှ ဖြူကြာပွင့်က ရယ်မောကာ 'ဟာ ... အစ်ကို့ကို နေပူကြီးထဲ ဘာဖြစ်လို့များ ရပ်ထားရပါလိမ့်။ ကဲ ... လာပါ၊ အိမ်ထဲ ဝင်ကြရအောင်ပါရှင် ...'

'ကျွန်တော် ဖြူကြာပွင့်ကို အနှောင့်အယှက်ပေးတာ မဟုတ်ပါဘူးနော် ...'

သူတို့သည် အထဲသို့ ဝင်ခဲ့ကြသည်။ ဖြူကြာပွင့်သည် လှေကားသို့ ပြေးတက်သည်။ အဖြူရောင် ပန်းပွင့်အကျီနှင့် ထဘီဆင်တူ ပိုးစ ထိခတ်သံ မြည်သွားသည်။

လှေကားထစ်ရင်း၌ ရပ်သွားရင်း သူမက 'ဟာ... အစ်ကိုကလည်း ဘယ်နှောင့်ယှက်ပေးတာ ဟုတ်ရမှာလဲရှင်။ ကျွန်မက ဘာလုပ်နေတာ မှတ်လို့။ ကျွန်မအတွက်ကတော့ နေ့တိုင်းဟာ ရက်အားချည်းပဲ။ နေထွက်က နေဝင် ...'

စန်းငွေလှိုင်သည် သူမဆီသို့ ခြေလှမ်းရင်း 'ကျွန်တော် ဒါတွေ နားလည်လို့ မရဘူးဗျာ။ ကျွန်တော်က နေ့တိုင်း အလုပ်နဲ့ လက်နဲ့ မပြတ် လုပ်နေကြတဲ့ လူတွေကြားမှာ ကြီးပြင်းလာရတာကိုးဗျ။ သိတယ် မဟုတ်လား။ မိန်းမရော ... ယောကျ်ားရော ...'

'ကျွန်မက ဘာမှ လုပ်စရာမှ မရှိတာ ... ဘာလုပ်ရမှာလဲ'

'အလုပ်လုပ်ရတာ လိုအပ်ချက်တစ်ခု ဖြစ်အောင် ကိုယ့်ဘဝကို ကိုယ် စီစဉ်လျာထားရမှာပေါ့။ အလုပ်မရှိဘဲ သန့်ရှင်းစင်ကြယ်တဲ့၊ ပျော်စရာကောင်းတဲ့ ဘဝဟာ ဘယ်ဖြစ်လာမလဲ'

သူသည် ပိုးထီးကို ဖိကပ်မြဲ ဖိကပ်ကာ သူကိုယ်တိုင်ပင်လျှင် သူ့အသံကို သူ မမှတ်မိလောက်အောင် နူးညံ့ပျော့ပျောင်းသော အသံဖြင့် ပြောသည်ကို အံ့သြစွာ ကြားနေရပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

'ဒီမယ် ... ဖြူကြာပွင့်သာ ကျွန်တော့်ရဲ့ ဇနီးသည်အဖြစ် သဘောတူမယ်ဆိုရင် ကျွန်တော် ပိုင်သမျှ အားလုံးကို ပေးပါ့မယ်ဗျာ။ လောကမှာ ဘာမှ မရှိဘူး။ ကျွန်တော် မစွန့်လွှတ်နိုင်တာ ဘာမှ မရှိပါဘူး။ မဖြူကြာပွင့်လေးရယ် ...'

ဖြူကြာပွင့်သည် ရုတ်တရက် လှုပ်ရှားသွားကာ သူ့ကို ကြောက်ရွံ့ခြင်း၊ အံ့သြခြင်းဖြင့် ကြည့်လိုက်သည်။

သူမသည် ဖြူဖပ်ဖြူရော် ဖြစ်သွားကာ 'ဟင့်အင်း ... ဟင့်အင်း၊ မဖြစ်နိုင်ပါဘူးရှင်။ တကယ်ပြောတာပါ။ ကျွန်မကို ခွင့်ပြုပါနော်'

သူမသည် လှေကားထစ်များပေါ်သို့ လျင်မြန်စွာ တက်ပြေးသွားသည်။ သူမ၏ ပိုးအဖြူပွင့် ထဘီသံကို ပြုလျက်။ နောက် တံခါးဝ၌ ပျောက်ကွယ်သွားလေတော့သည်။

သူ၏ဝိညာဉ်ထဲ၌ အလင်းရောင် တစ်မုဟုတ်ချင်း ချုပ်ငြိမ်းသွားဘိသကဲ့သို့ သူ၏ စိတ်အခြေအနေသည် ချက်ချင်း ပြောင်းလဲသွားလေတော့သည်။ သူသည် အိမ်ထဲက အမြန် ထွက်ခွာလာခဲ့သည်။ ရှက်စိတ်ဖြင့် ပူလောင်လာသည်။ သူ့ကို မကြိုက်၊ သူ့ကို ငြင်းပယ်လိုက်သည်၊ ရှုံးခဲ့ရသည်၊ ရွံ့ရှာမုန်းတီးခြင်း ခံရသည် စသော အတွေးများ ဝင်လာကာ သူသည် အစော်ကားခံရသည်ဟု ခံစားလာသည်။

နေပူကျဲကျဲ၌ လမ်းလျှောက် ပြန်လာရင်း 'ကျွန်တော် ပိုင်သမျှ အားလုံးကို ပေးပါ့မယ်'ဟူသော သူ ပြောခဲ့သော စကားကိုပင် ပြောင်လှောင် ပြက်ရယ်ပြုမိလာသည်။ သူ၏စကားလုံးများကို အသေးစိတ် အမှတ်ရလာသည်။ အားလုံးကို ပေးမယ် ဆိုပါကလား ...။ ဘယ်လောက်များ ကုန်သည်၊ ဈေးသည် ဆန်လိုက်ပါသလဲ။ သူ့မှာရှိသမျှ ပစ္စည်းဥစ္စာ အားလုံးကိုပဲ လိုချင်တဲ့အတိုင်း။

သူ ပြောသမျှ စကားလုံးကား ပြင်းပြင်းထန်ထန်ပင် မိုက်မဲလှပါပေဘိ။ နေ့တိုင်း အလုပ်နှင့် လက်နှင့် မပြတ် အလုပ်လုပ်သူများ ကြားတွင် ကြီးပြင်းလာသည်ဟု ဘာကြောင့်များ လိမ်ပြောခဲ့ရပါလိမ့် ... ဘာဖြစ်လို့များ သန့်ရှင်းစင်ကြယ်သော၊ ပျော်စရာကောင်းသော ဘဝအကြောင်း သင်ခန်းစာ ထုတ်ခဲ့ရပါလိမ့်။ ဤသည်တို့ကား မိုက်မဲသော၊ စိတ်ဝင်စား

mgyoe.com

mgyoe.com SAMPLE BOOK

စရာ မကောင်းသော၊ မမှန်ကန်သော ရတနာပုံ ရွှေမန်းဟန်စကား ဖြစ်သည်။ သို့သော် တဖြည်းဖြည်းနှင့် သူ၏စိတ်ခံစားမှုသည် လုံးဝ မထူးခြားသောအဖြစ်သို့ ပြောင်းလဲလာပေသည်။ ရာဇဝတ် ကျူးလွန်သူ တစ်ယောက်သည် ရုံးတော်က စီရင်ချက်ကို သိရပြီးသကဲ့သို့။ အားလုံး ပြီးသွားသဖြင့် ဘုရားသခင်အား ကျေးဇူးတင်မိသည်။ ကြောက်စရာ မရေရာမှုတစ်ခုသည် ပြီးဆုံးသွားခဲ့ပေပြီကော။ ယခုကား အားလုံးတို့သည် ရှင်းသွားပေပြီ။ သူတို့အဖို့ရာကား ပျော်ရွှင်ချမ်းမြေ့ခြင်း မရှိတော့။ မျှော်လင့်ချက် မရှိ။ စိတ်ကူးအိပ်မက် မရှိ။ တမ်းတမှု မရှိ။ သူ့အား အော့အန်ဖွယ်ရာ ကောင်းသော၊ ငြီးငွေ့ခြင်းများကို တိမ်းရှောင်ရန်၊ အခြားသူများ၏ ပျော်ရွှင်ချမ်းမြေ့ခြင်းတို့နှင့်သာ အချိန်ကုန်ဆုံးရမည် ဖြစ်ပေသည်။ ယင်းသို့လျှင် အသက် ကြီးလာရပေသည်။ ဘာမျှ ကိစ္စမရှိတော့။ သူသည် ဘာမျှ မှုစရာလည်း မရှိတော့။ အရာအားလုံးတို့ကို အစွဲအလမ်းကင်းကင်း ရှုမြင်နိုင်ပေတော့မည်။ သို့သော် သူ၏မျက်နှာသည် လေးကျလာသည်။ အထူးသဖြင့် မျက်လုံးများအောက်က။ သူ၏နဖူးပြင်သည် ကြက်ပေါင်ဘောလုံးကဲ့သို့ တင်းလာသည်။ မျက်ရည်များ သွန်ကျလာမည်ကဲ့သို့။ သူသည် ပျော့ခွေ နွမ်းလျကျသွားကာ ခုတင်ပေါ်၌ လှဲချလိုက်ရာ ငါးမိနစ်အတွင်း အိပ်ပျော်သွားပေတော့သည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

၃။

စန်းငွေလှိုင်၏ မမျှော်လင့်ဘဲ ချစ်ရေးဆိုလိုက်ခြင်းကြောင့် ဖြူကြာပွင့်မှာ များစွာ စိတ်ဆင်းရဲနေရပေသည်။

သူမသည် စန်းငွေလှိုင်ကို နည်းနည်းပဲ သိသည်။ တွေ့တာကလည်း မတော်တဆ။ သူကား လူချမ်းသာတစ်ယောက်။ ရတနာပုံမြို့တော်က နာမည်ကျော်ကြားပေသော 'လှိုင်နှင့် သားများ ကုမ္ပဏီ'၏ သားတစ်ယောက်။ အမြဲတမ်း လေးနက်သောသူ။ မြင်သာအောင်ပင် ဉာဏ်ထက်မြက်သူ။ သူ့အစ်မ ကျန်းမာရေးကို ဂရုပြုသူ၊ ကြင်နာသူ။ တကယ်တော့ သူမ၏ဘဝကို စန်းငွေလှိုင် ဘာမျှ မသိဟု ယုံကြည်မိပေသည်။ သူ့အပေါ်ကို မိမိသည် စိတ်ဝင်ဝင်စားစား မရှိခဲ့သည်မှာ အမှန်။ ယခုမူကား လှေကားထစ်ပေါ်၌ ချစ်ရေးဆိုခြင်း။ သနားဖွယ်ရာ ကောင်းမြတ်ခန့်ညားသော မျက်နှာအမူအရာ ...

ရုတ်တရက် ချက်ချင်း ဖြစ်ပျက်လိုက်သဖြင့် သူမမှာ အနှောင့်အယှက် ဖြစ်သွားရပေသည်။ သူက 'ဇနီး'ဟု သုံးနှုန်းလိုက်သောကြောင့်

mgyoe.com

mgyoe.com SAMPLE BOOK

လည်း ဖြစ်ပေသည်။ သူမကလည်း ငြင်းပယ်လိုက်သောကြောင့်လည်း ဖြစ်သည်။ သူ့ကို ဘာပြန်ပြောလိုက်သည်ကိုပင် ဖြူကြာပွင့် မမှတ်မိတော့။ သို့သော် မနှစ်သက်သော ခံစားမှုဝေဒနာသည်ကား ယခုတိုင် အရှိန်မပြေသေး။ တငွေ့ငွေ့ ပူဆဲ။ တကယ်တော့ သူ့ကိုကား မကြိုက်။ သူသည် အရောင်းစာရေးနှင့် တူသည်။ နည်းနည်းမျှ စိတ်ဝင်စားစရာလည်း မရှိ။ ချစ်ရေးဆိုခြင်းကို လက်ခံလို့ကလည်း မဖြစ်။

သို့သော် သူမသည် မသက်မသာ ခံစားလျက် ရှိနေပေသည်။

'လေ့ကားထစ်ပေါ်မှာတဲ့ကွယ် ... အခန်းထဲတောင် မရောက်ရသေး' ဟု သူမက စိတ်ပျက်စွာ ညည်းလိုက်သည်။ ခုတင်ခေါင်းရင်းရှိ နံရံ၌ ချိတ်ဆွဲထားသော ဘုရားပုံတော်ချပ်ဘက်သို့ မျက်နှာမူကား 'ပိုးပန်းတာတောင် မရှိဘဲ ဖြုန်းစားကြီး အရုပ်ဆိုးဆုံးကြီး လုပ်လိုက်ပုံများ ...'ဟု စိတ်ထဲက ရွတ်ဆိုနေသည်။

တစ်ယောက်တည်း ကျန်ရစ်လျက် သူမ၏ စိတ်ထကြွ လှုပ်ရှားမှုမှာ နာရီလိုက်ပင် တိုးလာပေသည်။ အခြား တစ်ယောက်ယောက်အား ဖွင့်ဟလိုက်ရရင် ကောင်းမှာ။ အဲဒီတော့လည်း ငါ လုပ်လိုက်တာ မှန်သားပဲလို့ပဲ ပြောကြမှာပါ။ သို့သော် ခက်တာက စကားပြောစရာ လူမရှိ။ သူမ၏အမေ ကွယ်လွန်ခဲ့သည်မှာ ကြာပြီ။ အဖေနှင့်ကတော့ လေးလေးနက်နက် စကားပြောလို့က မဖြစ်။ အဘိုးကြီး၏ ရုတ်တရက် ထကာ စိတ်မကြာခဏ ပြောင်းလဲရွေ့လျားတတ်ခြင်း၊ သူ၏ ဆတ်ဆတ်ထိမခံ၊ စိတ်နာကျင် ခံစားလွယ်ခြင်းနှင့် မရေရာသော ပြုမူချက်များကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရမြဲ။ ထို့အပြင် သူမက ဘာပဲပြောနေ ပြောနေ၊ စကားကို နားမထောင်ဘဲ စကားက သူ့အကြောင်းသာ ရောက်သွားစေရသည်။ အဲဒီလောက် အဖေနှင့် စကားပြောလို့က မရ။ ဘုရားထံ ဆုတောင်း ဝတ်ပြုသောအခါလည်း ဘာမျှ မဖွင့်ဟတတ်။ ဘာဆုတောင်းရမည်ကိုလည်း မသိ။

လက်ဖက်ရည်ကရား ရောက်လာသည်။ ဖြူကြာပွင့်သည် ဖြူရော်ပန်းလျကာ ခိုကိုးရာမဲ့သော အမူအရာဖြင့် ထမင်းစားခန်းထဲသို့ ဝင်လာပြီး လက်ဖက်ရည် နှပ်သည်။ ဒါက သူမ၏ နေ့စဉ်ဝတ္တရား။ လက်ဖက်

mgyoe.com

mgyoe.com SAMPLE BOOK

ရည် ရလျှင် သူ့အဖေအတွက် တစ်ဖန်ခွက် သွားချပေးလိုက်သည်။ ဒေါက်တာသီဟမှာ ဒူးရောက်အောင် ရှည်သော ကုတ်အင်္ကျီဖားဖားကြီး ဝတ်ထားသည်။ မျက်နှာက နီရဲလျက်။ ဆံပင် မဖြီးမသင်၊ ဖရိုဖရဲ။ လက်နှစ်ဖက်ကို အင်္ကျီထဲနှိုက်ကာ ထမင်းစားခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက် ရှိသည်။ လှောင်အိမ်ထဲ ရောက်နေသော သားရဲ တိရစ္ဆာန်တစ်ကောင်ကဲ့သို့ မကြာခဏဆိုသလို စားပွဲပေါ်က လက်ဖက်ရည်ဖန်ခွက်ကို ယူကာ အသံမြည်အောင် တစ်ကျိုက် မော့လိုက်သည်။ ထို့နောက် တစ်ဖန် ဆက်ကာ စိတ်အာရုံလွင့်ပါး ထွက်ပြေးသော အမူဟန်ဖြင့် လမ်းလျှောက်နေပြန်သည်။

'အဖေ ... ဦးစန်းငွေလှိုင်က သမီးကို လက်ထပ်ခွင့်တောင်းတယ်၊ ဒီနေ့ပဲ'ဟု ဖြူကြာပွင့် ပြောကာ မျက်နှာနီရဲသွားသည်။

ဆရာဝန်သည် သူမကို ကြည့်လိုက်သည်။ အဘိုးကြီးက နားလည် ပုံမရ။

'ဦးစန်းငွေလှိုင် ... ဟုတ်လား။ ဦးမြတ်အေးရဲ့ ယောက်ဖဟာ လား ...'ဟု သူက မေးလိုက်သည်။

အဘိုးကြီးသည် သူ့သမီးကို ချစ်သည်။ အနေးနှင့် အမြန် လက်ထပ် ထိမ်းမြားသွားကာ သူနှင့် ခွဲခွာသွားမည်ဟု နားလည်ထားသည်။ သို့သော် ဒီအကြောင်း စဉ်းစားရန် မကြိုးစားပေ။ သူတစ်ယောက်တည်း ဤ ကျယ်ဝန်းသောအိမ်ကြီး၌ နေရမည့် အလားအလာကိုကား သူသည် ကြောက်ပေသည်။ ဒါကို သူကိုယ်တိုင်က ဝန်ခံသော်လည်း တိတ်တိတ် ရင်ထဲ၌ကား သူတစ်ယောက်တည်း နေရလျှင် တစ်နေ့နေ့၌ ကိုယ်တစ်ပိုင်း သေသောရောဂါ ရမည်ဟု ယုံကြည်နေပေသည်။

သူသည် ပခုံးတွန့်ကာ 'သိပ်ဝမ်းသာတာပဲ သမီးရယ်။ ရင်ထဲက လှိုက်လှိုက်လှဲလှဲ ကြိုဆိုလိုက်ပါတယ်။ အဲဒီတော့ အဖေ့ကို ခွဲခွာဖို့ သိပ် ခမ်းနားထည်ဝါတဲ့ အခွင့်အရေး ရတာပဲပေါ့ကွယ်။ သမီး မှန်တယ်။ အဖေ့လို အဖေအို လူမမာ၊ အရူးတစ်ပိုင်း အကောင်မျိုးနဲ့ အတူနေရတာ သမီးလို ငယ်ရွယ်နုပျိုတဲ့ အရွယ်မျိုးအတွက် ရက်မှာပေါ့။ သမီး လုပ်တာ မှန်ပါတယ်။ အဖေက မြန်မြန်ညည်းအော်လိုက်ရင် အဖေ့ကို မြန်မြန်

mgyoe.com

mgyoe.com SAMPLE BOOK

ခေါ်သွားကြမှာပါပဲ။ အဲဒီတော့လည်း လူတိုင်း ပျော်ရွှင်ကြမှာ။ ချစ်သမီးလေး ... သမီးကို ဖေဖေ ဂုဏ်ပြုပါတယ်ကွယ်'

'သမီးက ငြင်းလိုက်တယ် အဖေ'

ဆရာဝန်သည် တော်တော်ကြီး သက်သာရာ ရသွားသည်။ သို့သော် သူ့ကိုယ်သူ မထိန်း။

'ငါ့ကို ဘာဖြစ်လို့များ အရူးထောင် မပို့ကြသလဲဆိုတာ အံ့သြနေတယ် ... သိလား။ ဒီကုတ်အင်္ကျီရှည်ကြီး ဝတ်ရမယ့်အစား လက်ချုပ်ခြေချုပ် လူမမာဝတ်ကို ဝတ်ရမှာ။ ငါက ခုတိုင် သစ္စာတရားကို ယုံကြည်နေတယ်။ ကောင်းမှုတရားကို ယုံကြည်တယ်။ အဖေဟာ သမီးစိတ်ကူးထဲက မဖြစ်နိုင်တဲ့ လူတစ်ယောက်ပါ။ ဒီခေတ်မှာတော့ စိတ်မမှန်တဲ့လူစားပေါ့ကွာ။ အဲဒီ သစ္စာတရားအတွက်၊ အဖေ့ရဲ့ ရိုးသားမှုအတွက် ဘာများ ပြန်ရလို့လဲ။ လူတွေက အဖေ့ကို ခဲနဲ့ပေါက်ကြတယ်။ အဖေ့ကို အသုံးချကြတယ်။ ဒါပဲ မဟုတ်လား။ အဖေ့ အနီးကပ်ဆုံး ဆွေမျိုးကတောင် အဖေ့လည်ကုပ်ပေါ် ခွစီးပြီး အဖေ့ကို ဘဲနာကြီး ... အရူးအိုကြီးလို့ ကဲ့ရဲ့သင်္ဂြိုဟ် ဆိုကြသေးတာလေ'

'အဖေနဲ့ကတော့ စကားပြောလို့ မဖြစ်ပါဘူး'ဟု ဖြူကြာပွင့်က ပြောသည်။

သူမသည် စားပွဲက အမြန်ဆုံး ထကာ အခန်းသို့ ပြန်တက်သွားသည်။ ဒေါသဖြင့် ဆူဝေလျက်။ အဖေမှာ သူ့မအပေါ်ကို အမြဲတမ်း မတရား။ သို့သော် မကြာခင် သူမသည် အဖေ့အတွက် ဝမ်းနည်းမိကာ ကလပ်သွားဖို့ အချိန်ကျသောအခါ အဖေ့ကို လှေကားက တွဲခေါ်ပို့ပေးပြီး နောက်မှ တံခါးကို ပိတ်ပေးလိုက်လေသည်။ လေတိုက်၍ မငြိမ်သက်သော ညပင်။ လေပြင်းတိုက်သဖြင့် တံခါးရွက်များပင် တုန်ယင်နေပေသည်။ ဝရန်တာဘက်က လေသည် ထန်ပြင်းစွာ တိုးဝှေ့လာလေရာ ဖယောင်းတိုင်မီးပင် ငြိမ်းတော့မတတ်။ အပေါ်ထပ်ကြီးတွင်ကား ဖြူကြာပွင့်သည် အခန်းများကို ဝင်ထွက်ကာ ပြတင်းပေါက်နှင့် တံခါးကြီးများ၌ လက်ကို ယှက်ကာ ရှိခိုးဟန်ပြုနေပေသည်။ လေသည် အော်မြည်ဟစ်ကြွေးနေပေသည်။ တစ်စုံတစ်ယောက်သည် အမိုးပေါ်၌ လမ်းလျှောက်

mgyoe.com

mgyoe.com SAMPLE BOOK

နေသည်ဟု မှတ်ထင်လျက် ရှိပေသည်။ အချိန်သည် တရွေ့ရွေ့ တရွတ်ဆွဲသွားနေပေသည်။ တစ်ခါမျှ သည်လောက် တစ်ကိုယ်တည်း အထီးကျန်အဖြစ်ကို မခံစားခဲ့ဖူး။

သူမသည် သူ့ကိုယ်ကို သူ မေးခွန်းထုတ်နေသည်။ သူ့ပုံပန်းကို မကြိုက်တာနဲ့ စန်းငွေလှိုင်ကို ငြင်းပယ်လိုက်တာဟာ မှန်မှ မှန်ရဲ့လား။ ဟုတ်သည်။ သူ့ကို မကြိုက်။ သူ့ကို လက်ထပ်လိုက်တာဟာ သူမ စိတ်ကူးယဉ်ခဲ့သော အိပ်မက်လှလှကလေးများကို တစ်သက်တာ စွန့်ခွာလိုက်တာများလေလား။ လက်ထပ်သည့် အိမ်ထောင်သည်ဘဝနှင့် ပျော်ရွှင်ခြင်းသည် အတူတူပဲဟု စိတ်ကူးအိပ်မက် မက်ခဲ့သည် မဟုတ်လား။ သူ့အိပ်မက်ထဲက လူကိုကော တွေ့ရရဲ့လား။ သူမသည် ယခုအခါ နှစ်ဆယ့်တစ်နှစ် ရှိပေပြီကော။ ဤတောမြို့ကလေး၌ သူမ ကြိုက်သည့်သူ၊ သင့်တော်သူ မရှိ။ သို့သော် ယောကျ်ားတွေကို စဉ်းစားကြည့်သည်။ တချို့က အရာရှိ၊ ကျောင်းဆရာ၊ အမှုထမ်း။ တချို့လည်း လက်ထပ်ကုန်ကြပြီး မယုံနိုင်စရာ။ တချို့လည်း ငြီးငွေ့ဖွယ်ရာ၊ အနှစ်သာရ မရှိသော ဘဝထဲ ရောက်သွားကြပြီ။ တခြားလူများကား စိတ်ဝင်စားစရာ မကောင်း၊ အရောင်အသွေးကလည်း မရှိ။ မိုက်မဲပြီး အကျင့်စာရိတ္တ မကောင်းကြ။ တကယ်ကတော့ စန်းငွေလှိုင်မှာ ရတနာပုံမြို့တော်သား၊ တက္ကသိုလ်ကျောင်းတော်ကြီးက ဘွဲ့ရသူ။ ပြင်သစ်စကားလည်း တတ်၊ ပညာရှင်များ၊ ထင်ရှားကျော်ကြားသူများ နေသော မြို့တော်ရတနာပုံ ပျော်ရွှင်ချမ်းသာနေရာ၊ ဇာတ်မဟာရုံတော်တွေ၊ ဂီတဆည်းဆာ၊ အဝတ်အစားချုပ်လုပ်သော အထည်ဆိုင်ကြီးတွေ၊ ရသစုံ ကိတ်မုန့်တိုက်တွေ တည်ရှိရာ။ ဓမ္မကျမ်းစာက ဇနီးသည်သည် မိမိခင်ပွန်းအား ချစ်မြတ်နိုးရမည်ဟု ဟောကြားတော်မူသည်။ ဝတ္ထုတွေကလည်း သည်တိုင်း ရေးဖွဲ့ကြသည်။ သို့သော် ဒါတွေက ချဲ့ထွင် ရေးထားတာတွေပါ။ လက်ထပ်ခြင်းဟာ အချစ်မပါဘဲ မဖြစ်နိုင်ပေဘူးလား။ လူတွေက ပြောတော့ အချစ်သည် ကုန်လွန် ဖြတ်သန်းသွားပြီးလျှင် ပြုလုပ်နေကျ အကျင့်စခန်းသာ ကျန်တော့သည်တဲ့။ လက်ထပ်ခြင်း၏ ရည်ရွယ်ချက်က အချစ်လည်း မဟုတ်၊ ပျော်ရွှင်ခြင်းလည်း မဟုတ်။ တာဝန်ဝတ္တရား ... ကလေးတွေ

mgyoe.com

mgyoe.com SAMPLE BOOK

ကျွေးမွေးသုတ်သင်တာတို့၊ အိမ်ထောင်ကို ထိန်းသိမ်းတာတို့ စသည်။ ဓမ္မကျမ်းစာထဲမှာ ပါတာအရ ဆိုရင် လေးစားခြင်း၊ ချုပ်တည်း သည်းခံခြင်း၊ မိမိ၏ယောကျ်ားကို မိမိ၏အိမ်နီးချင်းကဲ့သို့ ချစ်ခင်ခြင်းလို့ ဆိုထားပါကလား။

ဖြူကြာပွင့်သည် အိပ်ရာမဝင်မီ ဘုရားရှိခိုး အမျိုးမျိုး ကျမ်းစာထဲက ဆုတောင်းသုတ္တန်များကို သေချာ ဂနစ္စာ ရွတ်ဖတ် သရဇ္ဈာယ်သည်။ ဒူးထောက်ကာ လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်တင်လျက် ရုပ်တုတော် ရှေ့၌ ထွန်းညှိပူဇော်ထားသော ဖယောင်းတိုင်မီးလျှံကို ငေးစိုက်ကြည့်ကာ တိုင်တည်လိုက်သည်။

'တပည့်တော်မအား ကယ်မ,တော်မူပါ ... ကယ်မ,တော်မူပါ အရှင်မြတ်ဘုရား ...'

သူမသည် တွေ့ခဲ့ဖူးသော အထိန်းတော် လက်ပါးစေ မိန်းမကြီးများကို တွေးမိလိုက်သည်။ သနားစရာ အရောင်အဆင်း၊ မွဲခြောက်သော မိန်းမကြီးများ။ သူတို့ကို လက်ထပ်ရန် ခွင့်တောင်းခြင်းများကို ငယ်ငယ်က ငြင်းပယ်ခဲ့သဖြင့် ဝမ်းနည်းစွာ တသသ နောင်တရနေကြသူများ။ သည်အဖြစ်မျိုးကို သူကော မတွေ့ကြုံဘူးဟု ပြောနိုင်ပါ့မလား။ မယ်သီလရှင် ကျောင်းသခ်မ်းကို ခု သွားလျှင် သွား၊ သို့မဟုတ်လည်း ဆေးရုံတစ်ရုံတွင် သူနာပြုဆရာမ လုပ်။ သည်လိုပဲ ဇာတ်သိမ်းသွားလေမလား။

သူမသည် အဝတ်အစားလဲကာ အိပ်ရာပေါ်၌ လဲလျောင်းလိုက်သည်။ ဘယ်ပြန်ညာပြန် လှည့်သည်။ လေသည် သူမအပေါ် ဖြတ်သန်းသွားသည်။ ထိုအခိုက် စကြံလမ်းဘက်က ကျယ်လောင်သော လူခေါ်ခေါင်းလောင်းတီးသံ ကြားရသည်။

'ဘုရား ... ဘုရား ...'ဟု ဖြူကြာပွင့်သည် ရေရွတ်မိကာ အသံကြားသောအခါ ထိတ်လန့် တုန်လှုပ်သွားလေသည်။ သူမသည် မလှုပ်မယှက် လဲလျောင်းရင်း တွေးနေမိသည်။ တောမြို့သိမ်မြို့ငယ်ကလေးမှာ နေရတာများ တယ်လည်း ငြီးငွေ့ဖွယ်ရာ၊ စိတ်ဓာတ်ကျဖွယ်ရာ ကောင်းလှပါတကား။ နောက်ပြီး ဘယ်လောက်များ အသည်းတုန်၊ အူတုန်စရာ ကောင်းလှသလဲနော်။ အမြဲတမ်း ထိတ်စရာ လန့်စရာတွေ

mgyoe.com

mgyoe.com SAMPLE BOOK

နဲ့ချည်း။ ဒါမှမဟုတ်လည်း စိတ်တိုစရာ၊ ဒါမှမဟုတ်လည်း ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိနေသလိုလို။ နောက်ဆုံးမှာတော့ ... နောက်ဆုံးတော့ အာရုံကြောတွေ အစိတ်စိတ် အမြွှာမြွှာ ကြေကွဲလွင့်စဉ်ပြီး စောင်ပုံထဲမှာ ပုန်းကွယ် ရှောင်တိမ်းနေရတော့မှာပါကလားနော်။

နာရီဝက်ခန့် ကြာသောအခါ လူခေါ်ခေါင်းလောင်းသံသည် ယခင်က အတိုင်းပင် အဆက်မပြတ် ကျယ်လောင်ဆူညံလျက် ရှိပြန်သည်။ အခိုင်းအစေတွေက အိပ်များ ပျော်နေခဲ့ကြပြီလား မပြောတတ်။ ကြားပဲ မကြားလို့လား။ ဖြူကြာပွင့်သည် ဖယောင်းတိုင် ထွန်းညှိကာ ကပျာကယာ အဝတ်အစားလဲပြီး ချမ်းသဖြင့် တုန်လျက် ထွက်လာသည်။ ဘယ်လို အစေခံတွေပါလိမ့် ... နေနေနိုင်လွန်း။ သို့သော် တံခါးဝသို့ ရောက်သောအခါ အခန်းစောင့်က တံခါးမကြီးကို သော့ခတ်လျက် ရှိနေပေသည်။

'ကျွန်မက ဆရာကြီး လာတာမှတ်လို့ ... မဟုတ်ဘူး။ ငမောင်တင် လာတာပါ'

ဖြူကြာပွင့်သည် သူ့အခန်းသို့ ပြန်တက်သွားလေသည်။ သူမသည် အံဆွဲထဲက ဖဲချပ်များကို ထုတ်ယူလိုက်သည်။ ဖဲတွေကို ကျကျနန ကုလားဖန် ထိုးကြည့်လိုက်မယ်။ ပြီးတော့ ချိုးချလိုက်မယ်။ နောက်ဆုံး ဖဲက ဖဲနီဆိုရင် ဒါ ဟုတ်တယ်လို့ အဖြေပဲ။ စန်းငွေလှိုင်ကို လက်ထပ်ရမယ်။ ဖဲနက် ဖြစ်နေရင်တော့ မဟုတ်ဘူးဆိုတဲ့ အဖြေ။ သူမသည် ဖဲကို ချိုးလိုက်ရာ အောက်ဆုံးဖဲမှာ ဖူးတစ်ဆယ်။

သူမသည် ငြိမ်သက်စွာ အိပ်ပျော်သွားသည်။ သို့သော် နောက်တစ်နေ့ နံနက် နိုးလာသောအခါမှကား ဟုတ်တယ် ... မဟုတ်ဘူး မသေချာပြန်ပေ။ အကယ်၍ သူမသည် စိတ်ဆန္ဒရှိလျှင် သူ့ဘဝတစ်ခုလုံးကို ပြောင်းလဲပစ်ရပေမည်။ သူမသည် အဖန်တလဲလဲ စဉ်းစားရသည်မှာ ဖျားချင်၍ပင် လာလေပြီ။ ၁၁ နာရီထိုးသောအခါ သူမသည် အဝတ်အစားသစ်များ လဲကာ ခင်မေဆက်လှိုင်ထံ သွားလေသည်။ သူမသည် စန်းငွေလှိုင်ကို တွေ့ချင်နေပေသည်။ ယခုဆိုလျှင် သူသည် သူမကို အရင်ကထက် ပို၍ သိမြင်လာပေလိမ့်မည်။ သူ့အပေါ်ကို သူမသည်

mgyoe.com

mgyoe.com SAMPLE BOOK

အထင်မှား အမြင်မှား ဖြစ်နေတာ ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

ဖြူကြာပွင့်သည် လေကို ဆန်ကာ ခဲယဉ်းစွာ လမ်းလျှောက်သွားသည်။ လွင့်လာသော ဖုန်များက မမြင်ရအောင် ပိတ်လျက်။ သူမသည် တဘက်လေးဖြင့် ကွယ်သွားရပေသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## ၄။

သူ့အစ်မ၏အခန်းသို့ ဝင်လာရာ မမျှော်လင့်ဘဲ ဖြူကြာပွင့်နှင့် တွေ့လိုက်သော စန်းငွေလှိုင်မှာ မနေ့က တွေ့ကြုံခဲ့ရသော ခါးသီးစွာ အထင်သေးခံရခြင်းအတွက် သက်သာရာ ရသွားပေသည်။ ဖြစ်ပျက်ပြီးနောက် ဘယ်လိုမှ သဘောမထားဘဲ သူ့အစ်မထံသို့ပင် လာလည်ကာ သူနှင့် တွေ့နိုင်သေးသည်မှာ သူ့ကိုပင် ဂရုမစိုက်၊ လျစ်လျူရှုပေတာလား။ ဒါမှမဟုတ် အမှုမထားရလောက်အောင်အထိ အောက်ရောက်နေလေသလား။ သို့သော် လက်ဆွဲနှုတ်ဆက်သောအခါ သူမ၏ ဖြူဖျော့ဖျော့ မျက်နှာနှင့် ဖုန်တွေကပ်နေသော မျက်တောင်များကို သတိထားမိပေသည်။ သူမ၏ ဝမ်းနည်းဟန်၊ အပြစ်ရှိသော မလုံသော ဟန်များကို ကြည့်၍ကား သူမလည်း ခံစားနေရသည်ဟု သိနေပေသည်။

သူမသည် ကောင်းကောင်း နေကောင်းပုံမရ။ ဆယ်မိနစ်ခန့်သာ လူမမာမေးပြီးနောက် ထကာ ပြန်သည်။

'အစ်ကိုစန်း ... ကျွန်မတို့အိမ် လိုက်ခဲ့ပါလားဟင်'ဟု ဖြူကြာပွင့်

mgyoe.com

mgyoe.com SAMPLE BOOK

က အိမ်ကအထွက် သူ့ကို ခေါ်သည်။

သူတို့သည် တိတ်ဆိတ်စွာ လမ်းလျှောက်သွားကြသည်။ စန်းငွေလှိုင် နောက်က နည်းနည်းချန်၍ လိုက်လာသည်။ လေကို ကာကွယ်ပေးရန်။ လမ်းတစ်ကွေ့ ချိုးလိုက်သောအခါ လေကွယ်သွားသဖြင့် သူတို့သည် ဘေးချင်းယှဉ်ကာ လျှောက်ကြသည်။

'ကျွန်မ မနေ့က ရှင့်အပေါ်မှာ ရက်စက်မိလိုက်သလားရှင်။ အဲဒါ ခွင့်လွှတ်ပါနော် ...'ဟု သူမက စ၍ စကားပြောသည်။ သူမ အသံမှာ ငိုတော့မည်ကဲ့သို့ တုန်ယင်ရှိုက်သံ ပါနေသည်။

'ကျွန်မ သိပ်စိတ်မချမ်းမသာ ဖြစ်မိတာပဲ။ တစ်ညလုံးလည်း အိပ်မပျော်ဘူး'

စန်းငွေလှိုင်က သူမကို မကြည့်ဘဲ 'တကယ်ပါပဲဗျာ၊ ကျွန်တော်ကတော့ ကောင်းကောင်း အိပ်လို့ပျော်ပါတယ်။ ဒါပေမဲ့ ကျွန်တော် စိတ်ချမ်းသာနေတယ်လို့တော့ ဆိုလိုတာ မဟုတ်ဘူး။ ကျွန်တော့်ဘဝကတော့ ပျက်စီးသွားပါပြီ။ မနေ့က စပြီး ကျွန်တော်ဟာ အဆိပ်သင့်သလို ခံစားနေရပါတယ်။ အဆိုးဝါးဆုံးဟာ မနေ့က ပြီးဆုံးသွားပြီ။ ဒီကနေ့တော့ ဘာမှ မဖြစ်တော့ဘူး။ ခင်ဗျားကို ပွင့်ပွင့်လင်းလင်းကြီး ပြောနိုင်ပါပြီ။ ခင်ဗျားကို ကျွန်တော့်အစ်မထက်လည်း ချစ်တယ်။ အမေထက်လည်း ချစ်တယ်။ ကျွန်တော့် အစ်မတို့၊ အမေတို့ မရှိဘဲ နေနိုင်တယ်။ ခင်ဗျား မရှိရင်တော့ ကျွန်တော့်ဘဝဟာ ဘာမှ အဓိပ္ပာယ်မရှိဘူး။ ကျွန်တော်တော့ဗျာ ...'

ခါတိုင်းကဲ့သို့ပင် သူသည် ဖြူကြာပွင့်၏ ရည်ရွယ်ချက်ကို တွေးကြည့်နေပေသည်။ သူမက အိမ်ကို ခေါ်သည်။ မနေ့က စကားကို ဆက်ချင်သည်။ ဒါကြောင့် အိမ်ခေါ်တာပဲ။ သူ့ကို ငြင်းပယ်လိုက်တာကို ဘာများ နောက်ထပ် ပြောစရာ ရှိဦးမှာလဲ။ ဘာထပ်ဖြည့်စရာများ ရှိသေးသလဲ။ အခု ဘာတွေများ တွေးနေပါလိမ့်။ သူမ၏ အကြည့်များ၊ အပြုံးများ၊ သူ့ဘေးက လမ်းလျှောက်လိုက်လာရင်း ခေါင်းလှုပ်ပုံ၊ ပခုံးလှုပ်ပုံများကို အကဲခတ်ပြီး သူ့ကို ယခုတိုင် မချစ်သေးဟုကား အာရုံသိ သိနေပေသည်။ ဒီတော့ သူ့ကို ဘာများ ပြောစရာ ရှိရဦးမှာလဲ။

mgyoe.com